# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၈ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ်(၃၃၉)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများဖြင့် စည်ကား

**ညောင်ဦး စက်တင်ဘာ ၇**

မြန်မာပြည်အရပ်ရပ်မှ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရုံးပိတ်ရက်များတွင် ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိကြောင်း ရွှေစည်းခုံဘုရား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထံမှ သိရသည်။



သဗ္ဗညုဘုရား၌ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ရုံးပိတ်ရက်များတွင် ဘုရားဖူးလာရောက်သူများပြားလျက်ရှိရာ သမိုင်းအထင်ကရ ဘုရားများဖြစ်သည့် တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ ရွှေစည်းခုံစေတီ၊ အာနန္ဒာဘုရား၊ ထီးလိုမင်းလိုဘုရား၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ သဗ္ဗညုဘုရား၊ ငှက်ပစ်တောင်ဘုရား၊ မဟာဗောဓိဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ပြဿဒ်ကြီးဘုရား၊ ဓမ္မရာဇကဘုရား၊ ရွှေဆံတော်စေတီ၊ မနုဟာဘုရား၊ မြစေတီဘုရားများတွင်သာ ဘုရားဖူးလာရောက်သူ များပြားသည်သာမကဘဲ ရှင်အဒ္ဓဂေါဏဘုရား၊ ဝိနည်းဓိုလ်ဘုရား၊ နရသီဟပတေ့ဘုရား၊ လေးမျက်နှာဆုတောင်းပြည့်ဘုရား၊ ဆင်ဖြူရှင်အုတ်ကျောင်းတိုက်၊ ရင်မနားဘုရားစု၊ ဆူးလေကုန်းဘုရားစု၊ ခေမင်္ဂဘုရားစု၊ ဝတ္တနထောဘုရားစု၊ သစ္စာမဏ္ဍိုင်ဘုရား၊ တာမဏိဆုတောင်းပြည့်ဘုရား၊

*စာမျက်နှာ ၄ ကော်လံ ၅* ❑

# လင်းခေးခရိုင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်

**လင်းခေး စက်တင်ဘာ ၇**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လင်းခေးမြို့ တောင်ရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ) သဇင်ဆောင်၌ ကျင်းပသည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း(လင်းခေး)မှ ကျောင်းသားကျောင်းသူများက "မြန်မာပြည်မှာ စာပဒေသာဝေဆာစေ"သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဟောပြောပွဲ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ ငါးမျိုး၊ ကစားနည်းငါးမျိုးပြိုင်ပွဲ ကျင်းပလျက်ရှိသည့်နေရာများနှင့် စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ စာအုပ်အရောင်းပြခန်းများသို့ လှည့်လည်ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်နယ်သယံဇာတရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲများ၌ ဆုရရှိခဲ့ကြသူများအား ဆုများချီးမြှင့်ပြီး ပွဲတော်ဖြစ်မြောက်ရေးတွင် ပံ့ပိုးကူညီခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ

*စာမျက်နှာ ၄ ကော်လံ ၅* ❍

**ယနေ့ ဖတ် စ ရာ**


အတိတ်ကို သင်ခန်းစာယူကာ အနာဂတ်ကို ထုဆစ်ကြသည့် အခါ... — ဆောင်းပါး စာ ၆

စနစ်သစ်နှင့် ရွေးကောက်ပွဲဆီသို့ ( ၃ ) — ဆောင်းပါး စာ ၁၀

နောင်ချိုမြို့နယ်၌ ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများနှင့် အသက် ၁၅ နှစ်အောက် ကလေးများအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်ပေးလျက်ရှိ — ပြည်တွင်းသတင်း စာ ၁၆

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ ချီကျင့်မြို့၌ ကြည့်ရှုလေ့လာ

**ချီကျင့် စက်တင်ဘာ ၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ရောက်ရှိနေသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ချီကျင့်မြို့ မာလုံဒေသ၊ ကျန်းယိဒေသနှင့် ချီလင်ဒေသသို့ သွားရောက်လေ့လာကြသည်။


**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မာလုံဒေသရှိ ကျန်းကျုံးဟောင်ယွန့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းစုသို့ရောက်ရှိကြရာ တာဝန်ရှိသူများက လုပ်ငန်းစုဆိုင်ရာ အချက်အလက်များ၊ ဘက်ထရီတပ်ဆင်အသုံးပြုသည့် သယ်ယူပို့ဆောင်ရေး ကုန်တင်ကားကြီးများနှင့် ပတ်သက်၍ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ အာမခံပေးခြင်း၊ သက်တမ်းပြည့်ကားများ ပြန်လည်သိမ်းဆည်းခြင်း လုပ်ငန်းများအား ဝန်ဆောင်မှုပေးနေမှု၊ ဒစ်ဂျစ်တယ်စနစ် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို နည်းပညာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ထိန်းချုပ်ရေးစင်တာမှ စောင့်ကြပ်ကြည့်ရှုထိန်းချုပ်ပေးနေမှု၊ ကုန်တင်ယာဉ်များ၏ ဘက်ထရီများအား အချိန်တိုအတွင်း အားဖြည့်ခြင်း၊ လဲလှယ်တပ်ဆင်ခြင်းများ ဆောင်ရွက်ပေးနေမှု လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘက်ထရီအသုံးပြု စွမ်းအင်သစ် ကုန်တင်ကားများ၏ ဓာတ်ခဲလဲလှယ်မှုလုပ်ငန်းစဉ်ကို လက်တွေ့ပြသရာ ဘက်ထရီလဲလှယ်ခြင်း ဆောင်ရွက်ရာတွင် အချိန်နှစ်မိနစ်နှင့် ဘက်ထရီအားသွင်းခြင်းအတွက် အချိန် ၁၅ မိနစ် ကြာမြင့်မှုကို လက်တွေ့ပြသသည်။

**ထိပ်တန်းအဆင့်လုပ်ငန်းစု**

ကျန်းကျုံးဟောင်ယွန့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းစုကို ၂၀၂၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ကုန်းလမ်းကုန်စည်ပို့ဆောင်ရေး၊ စက်ယန္တရားများ ငှားရမ်းခြင်း၊ နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းရည်မြင့်မားသော အလွိုင်းပစ္စည်းရောင်းချခြင်းနှင့် ခေတ်မီ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိကာ ယူနန်ပြည်နယ်တွင် ထိပ်တန်းအဆင့်ရှိသည့် လုပ်ငန်းစုတစ်ခုဖြစ်ကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကျန်းကျုံးဟောင်ယွန့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းစု၌ ကြည့်ရှုလေ့လာကြစဉ်။

ယင်းနောက် ထူကွားချုံးရွာသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကျေးရွာဆိုင်ရာ အချက်အလက်များ၊ ထူကွားချုံးရွာအား "14335" ပုံစံဖြင့် လည်ပတ်နေမှု၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျေးရွာနေပြည်သူများ ဝင်ငွေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ထူကွားချုံးရွာကို (၁) အစိုးရ၏ ဦးဆောင်မှုကို ခံယူခြင်း၊ (၄) အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ကုမ္ပဏီများ၊ လုပ်ငန်းများ၊ လုပ်ငန်းစုများက လာရောက်ရင်းနှီးမြှုပ်နှံပြီး ရွာသူ ရွာသားများ၏ စုပေါင်းအားဖြင့် ကျေးရွာတိုးတက်အောင် ဆောင်ရွက်ခြင်း၊ (၃) လာရောက်တည်းခိုသူများကို ကောင်းမွန်စွာ ဝန်ဆောင်မှုပေးခြင်း၊ ပြည်သူများ၏ သက်သာချောင်ချိမှု ဝန်ဆောင်မှုပေးခြင်း၊ တည်းခိုသည့် အိမ်များအား အိမ်တော်ထိန်းဝန်ဆောင်မှုပေးခြင်း၊ (၃) ရွာတိုးတက်လာချိန်တွင် အဆိုပါကျေးရွာ၊ ကျေးရွာရှိ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကျေးရွာနေ ပြည်သူများ၏ ဝင်ငွေများ တိုးတက်ရရှိပြီး အကျိုးအမြတ်ရရှိခြင်း၊ (၅) ကျေးရွာတိုးတက်လာသည်နှင့်အမျှ ဖွဲ့စည်းလုပ်ဆောင်မှု အားကောင်းလာခြင်း၊ ရွာသူ ရွာသားများ၏ အမြင်များ တိုးတက်လာခြင်း၊ ပတ်ဝန်းကျင် ပိုမိုလှပလာခြင်း၊ လူများပိုမိုစည်ကားလာခြင်း၊ ရွာသူရွာသားများ ပိုမိုစီးပွားတိုးတက်ခြင်းဟူသည့် "14335" ပုံစံဖြင့် လည်ပတ်နေသည့် ကျေးရွာတစ်ခုဖြစ်ကြောင်း သိရသည်။

**ပန်းချီလက်တွေ့ရေးဆွဲ**

ထို့နောက် ကျေးရွာစာကြည့်တိုက် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လည်ပတ်မှုပုံစံကို ကြည့်ရှုလေ့လာကြပြီး ကမ္ဘာ့အရှည်ဆုံး နံရံဆေးရေးပန်းချီဆရာ၏ ပန်းချီအလုပ်ခန်းကို ကြည့်ရှုလေ့လာကာ "ချစ်ကြည်ရေးပန်းချီ"ကို လက်တွေ့အတူရေးဆွဲကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျန်းယိဒေသ ယူနန်ယွမ်ဖန်းဇီဝလုပ်ငန်းစု တိုင်းရင်းဆေးထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက စက်ရုံသမိုင်းကြောင်း၊ သုတေသနပြုလုပ်ငန်းများ၊ စက်ရုံမှ ထွက်ရှိသည့် ဆေးဝါးနှင့် ထုတ်ကုန်ပစ္စည်းများ၊ အရောင်းရဆုံး ဆေးဝါးထုတ်ကုန်များ၊ ဖြန့်ချိမှုအခြေအနေနှင့် နိုင်ငံတော်က ချီးမြှင့်သည့် ဆုတံဆိပ်ရရှိမှုများကို လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါလုပ်ငန်းကို ၂၀၀၂ ခုနှစ်တွင် စတင်ခဲ့ပြီး ကူမင်းမြို့၌ စက်ရုံတည်ထောင်ခဲ့ကာ ၂၀၁၄ ခုနှစ်တွင် ကုန်အမှတ်တံဆိပ်ဖြင့် စက်ရုံထွက် ဆေးဝါးပစ္စည်းများကို ရောင်းချခဲ့ကြောင်း၊ အဆိုပါစက်ရုံထွက် ထုတ်ကုန်များသည် သဘာဝဆေးပင်များကို အခြေခံထုတ်လုပ်ခြင်းဖြစ်ကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင် ယူနန်ပြည်နယ် ချီကျင့်မြို့သို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆန်မုန့်များ လက်တွေ့ပြုလုပ်**

ထို့နောက် ကျူးကျန်းယွမ်ထို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ကျန်းယိဆန်မုန့်လုပ်ငန်းသို့ ရောက်ရှိကြရာ အလုပ်ရုံပိုင်ရှင်က ဆန်မုန့်ပြုလုပ်ပုံ လုပ်ငန်းစဉ်အဆင့်ဆင့်၊ ရှေးယခင်လက်ထက်က ဆန်မုန့်ပြုလုပ်သည့် လုပ်ငန်းသုံးပစ္စည်းများနှင့် ထုတ်လုပ်သည့် ဆန်မုန့်အမျိုး ၃၀၀ ကျော်ကို ရှင်းလင်းပြသပြီး ဆန်မုန့်များကို လက်တွေ့ပြုလုပ်ပြသသည်။

ယင်းနောက် ချီလင်ဒေသရှိ ချီလင်ရေပေါ်ဥယျာဉ်သို့ရောက်ရှိရာ တာဝန်ရှိသူများက ဥယျာဉ်အတွင်း ပန်းပေါင်းစုံနှင့် အပင်ပေါင်းစုံ ပေါက်ရောက်ရှင်သန်မှု၊ ရာသီအလိုက် အပင်များစိုက်ပျိုးမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းထားရှိမှုနှင့် အပန်းဖြေလေ့လာစရာ နေရာအဖြစ် တည့်ဆောက်ထားမှုနှင့် ကုန်းပြင်မြင့်ပေါ်တွင်တည်ရှိသည့် ရေပေါ်ဥယျာဉ်တစ်ခုဖြစ်မှုတို့ကို ရှင်းလင်းတင်ပြပြီး ရေပေါ်ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**ခရီးသွားဧည့်သည်များပြား**

အဆိုပါ ရေပေါ်ဥယျာဉ်သည် ဧက ၂၀၀၀ ကျော် ကျယ်ဝန်းပြီး အခြားပန်းမျိုးစုံအပါအဝင် ကြာအမျိုးပေါင်း ၁၃၀ ကျော်နှင့် ပြောင်းဖူးစိုက်ခင်းများ၊ သီးနှံစိုက်ခင်းများ စိုက်ပျိုးထားရှိသည်။ ပန်းဥယျာဉ်အတွင်း လမ်းလျှောက် ခြင်း၊ လှေစီးခြင်း၊ စက်ဘီးနင်းခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များပါရှိပြီး ဘာဂီများဖြင့် လှည့်လည်လေ့လာနိုင်ကာ နေ့စဉ်ခရီးသွားဧည့်သည်အများအပြား လာရောက်ကြောင်း သိရသည်။

ညပိုင်းတွင် ချီကျင့်မြို့ ပါတီဗဟိုကော်မတီအတွင်းရေးမှူး Yang Bin က ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား ချီကျင့်မြို့ရှိ Guanfang ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**ခင်းကျင်းပြသလျက်ရှိ**

အလားတူ ကိုယ်စားလှယ်အဖွဲ့တွင် ပါရှိသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အကအဖွဲ့သည် ကူမင်းမြို့တွင်ကျန်ရှိပြီး တောင်ပိုင်း ဒေသညချမ်းနှင့် ချည် Show ပိုးဖဲအနီးအနား တဖွဲဖွဲ ဈေးရောင်းပွဲတော်တွင် ပါဝင်ဖျော်ဖြေတင်ဆက်ကပြခြင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ မြန်မာလက်မှုပညာ ထုတ်ကုန်ပစ္စည်းများနှင့် မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝနှင့် ခရီးစဉ်ဒေသများ၊ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းပြခန်းများကို ဆက်လက်ခင်းကျင်းပြသခြင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ အားကစားကွင်း၊ အားကစားရုံများနှင့် ဟိုတယ်လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၇**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာခရိုင် အားကစားကွင်း၌ ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အချိန်မီပြီးစီးရေးနှင့် သတ်မှတ်အရည်အသွေးပြည့်မီစေရေး စနစ်တကျ စိစစ်ကြပ်မတ်စစ်ဆေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မိတ္ထီလာကန်ပေါင်ရှိ ကရဝိက်ကန်ပေါင်တံတားထိပ်၊ ရုပ်တော်မူဘုရားရှေ့၊ မိတ္ထီလာကန် View Point နှင့် ဝန်ဇင်းကန်ပေါင်မြောက်ဘက်ထိပ်နေရာများ၌ အများပြည်သူ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ လာရောက် လေ့ကျင့်ကစားနိုင်စေရေးအတွက် Outdoor Fitness များ တပ်ဆင်ဆောင်ရွက်ထားရှိမှု (အပေါ်ပုံ) ကို လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးခရိုင်ရှိ ကလောမြို့နယ် အားကစားကွင်း၌ အသက် ၁၇ နှစ်အောက် ကျောင်းပေါင်းစုံအမျိုးသားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ တောင်ကြီးမြို့ ရွှေညောင်မြို့နယ်ရှိ မြို့နယ်အားကစားကွင်း၌ နှစ်ထပ်ပွဲကြည့်စင်နှင့် ဘောလုံးကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့ပြင် မိတ္ထီလာမြို့ရှိ နိုင်ငံပိုင်ငှားရမ်းထားသော ဟိုတယ်များ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဟိုတယ်များအနေဖြင့် ဟိုတယ်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရေးနှင့် ဝန်ဆောင်မှုအဆင့်တန်းမြင့်မားရေး ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆင်ဟွာသတင်းဌာနနှင့် သုတေသနပညာရှင်များ၏ ဒုတိယကမ္ဘာစစ် ကမ္ဘာ့အရှေ့ခြမ်း စစ်မြေပြင်ဆိုင်ရာ အစီရင်ခံစာထုတ်ပြန်

**ပေကျင်း စက်တင်ဘာ ၇**

သမိုင်းအားအောက်မေ့သတိရခြင်းနှင့် တရားမျှတမှုကို ကာကွယ်ထိန်းသိမ်းခြင်း၊ ဒုတိယကမ္ဘာစစ်အတွင်း ကမ္ဘာ့အရှေ့ခြမ်းစစ်မြေပြင်တို့၏ အမှန်တရားဆိုင်ရာ ဖော်ထုတ်သည့် အစီရင်ခံစာအား စက်တင်ဘာ ၅ ရက်က ထုတ်ပြန်သည်။ အဆိုပါအခမ်းအနားကို ပေကျင်းမြို့၌ ကျင်းပခဲ့ပြီး တရုတ်ပြည်သူများ၏ ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သည့် အရေးပါမှုနှင့် အောင်ပွဲထက်သို့ ကူညီပေးမှုများသည် ကမ္ဘာလုံးဆိုင်ရာ ဖက်ဆစ်ဆန့်ကျင်စစ်ပွဲအောင်ပွဲထက်တွင် အလွန်ကြီးမားသည်ဟု အစီရင်ခံစာအတွင်း ဖော်ပြထားသည်။

အဆိုပါ အစီရင်ခံစာကို ဆင်ဟွာသတင်းဌာနလက်အောက်ရှိ ဆင်ဟွာအင်စတီကျူ့က တရုတ်-အင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယင်းအခမ်းအနားတွင် “ဆန့်ကျင်တိုက်ပွဲ၏ စိတ်ဓာတ်သည် လွန်ခဲ့သည့်အချိန်ကဲ့သို့ပင် ယနေ့အချိန်တွင်ပါ အရေးကြီးနေဆဲဖြစ်ပြီး တရုတ်ပြည်သူတို့အတွက် အလွန်စွဲမြဲနေဆဲဖြစ်သည်” ဟု တရုတ်ကွန်မြူနစ်ပါတီသမိုင်းနှင့် စာပေဌာန အကြီးတန်းကျွမ်းကျင်ပညာရှင်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ Qu Qingshan က ပြောကြားသည်။

အခမ်းအနားအတွင်း တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံစသည့် ဒုတိယကမ္ဘာစစ်၏ ကမ္ဘာ့အရှေ့ခြမ်းစစ်မြေပြင်ဖြစ်ခဲ့ရာ နိုင်ငံများနှင့် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများ အကြောင်းကိုလည်း ပညာရှင်များက ဆွေးနွေးကြသည်။

ဆင်ဟွာသတင်းဌာန အမှုဆောင်ဥက္ကဋ္ဌ မစ္စတာ Fu Hua က ဒုတိယကမ္ဘာစစ်ပွဲ သမိုင်းဖြစ်ရပ်ကို နားလည်မှုသာ ကမ္ဘာလုံးဆိုင်ရာ ထာဝရငြိမ်းချမ်းရေးအတွက် ပိုမိုလုပ် ဆောင်လာနိုင်မည်ဖြစ်ကြောင်းပြောကြားသည်။ အခမ်းအနားကို ဆင်ဟွာသတင်းဌာန စာတည်းမှူးချုပ် မစ္စတာ Lyu Yansong က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့အရှေ့ခြမ်း နိုင်ငံများမှ ပညာရှင်များက ဆွေးနွေးကြခြင်းဖြစ်သည်။




**ခင်ရတနာ**

# ကျိုက်မရောမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးမှုများ ကွင်းဆင်းဆောင်ရွက်



**ကျိုက်မရော စက်တင်ဘာ ၇**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကော့ကလော့ကျေးရွာအုပ်စု ပန်းကုန်းကျေးရွာရှိ ပန်းကမ္ဘာလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းတို့မှ မိုးစပါးစိုက်ပျိုးလျက်ရှိသော အသင်းသားတောင်သူများ၏ လယ်ယာမြေများတွင် မိုးစပါးစိုက်ပျိုးမှုနှင့် ပတ်သက်၍ မြို့နယ်ဦးစီးအရာရှိနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးသည်။

ကျိုက်မရောမြို့နယ်သည် ဒေသရေမြေအနေအထားအရ ရေကျနောက်လိုက်စပါး စိုက်ပျိုးလျက်ရှိပြီး အထွက်နှုန်းကောင်း စပါးမျိုးစိုက်ပျိုးရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိပြီး တောင်သူများ ဝင်ငွေတိုးပွားရေး၊ စိုက်ခင်းများပိုးမွှားရောဂါမကျရောက်စေရေး၊ မြေဩဇာများ အချိန်ကာလအလိုက် စနစ်တကျထည့်သွင်းနိုင်ရေးနှင့် စိုက်ပျိုးစဉ်ကာလအတွင်း လိုအပ်ချက်များအား ဦးစီးဌာနသို့ အချိန်မီတင်ပြနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❑**ရှေ့ဖုံးမှ**

မလုံးဖြစ်၊ မလာဖြစ်ဘုရားတို့တွင်လည်း ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိနေကြောင်း သိရသည်။ ဘုရားဖူးလာရောက်သူများသည် မြင်းလှည်းစီးခြင်း၊ လက်အလှပန်းချီဆွဲခြင်း၊ ရိုးရာသနပ်ခါးလိမ်းခြယ်ကြခြင်း၊ ပုဂံဒေသထွက် တူညီဝတ်စုံများဝတ်၍ ဘုရားဖူးထွက်ကြခြင်းများကြောင့် အီးဗိုက်အငှားလိုက်သူများ၊ မီနီအိုးဝေအငှားလိုက်သူများ၊ ဧည့်ကားအငှားလိုက်သူများ၊ စားသောက်ဆိုင်များ ဝင်ငွေတွက်ခြေကိုက်လျက်ရှိပြီး ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများလည်း တည်းခိုသူများပြားလျက်ရှိနေကာ ရုံးပိတ်ရက်များတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**

# တောင်ငူမြို့နယ် ကေတုမတီမြို့သစ်၌ လူထုကျန်းမာရေးအသိပညာပေးဟောပြော

**တောင်ငူ စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ် အညာသားလေးမုန့်ဖတ်ခြောက်စက်ရုံ၌ ကျန်းမာရေးဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် လူထုကျန်းမာရေးအသိပညာပေးဟောပြောပွဲဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမီမီခင်နှင့် ကျန်းမာရေးဝန်ထမ်းများက HIV၊ ကာလသားရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါနှင့် အနာကြီးရောဂါ အကြောင်းများ ဟောပြောဆွေးနွေးခဲ့ကြောင်းနှင့် သွေးဖောက်စစ်ဆေးခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





❍**ရှေ့ဖုံးမှ**

ပေးအပ်ကာ ပြိုင်ပွဲအကဲဖြတ်ဒိုင်များအား မေတ္တာလက်ဆောင်ပေးအပ်သည်။ ယင်းနောက် လင်းခေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးသန်းမြင့်က ကျေးဇူးတင်စကားပြောကြားပြီး တောင်ရွာ အလက(ခွဲ) ကျောင်းသား ကျောင်းသူများက “ကျောင်းသွားကြမယ်” တေးသီချင်းဖြင့် အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**ချောင်းဆုံ စက်တင်ဘာ ၇**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ စိမ်းလန်းစိုပြည် သာယာလှပစေရေး၊ ရာသီဥတုသာယာမျှတစေရေးနှင့် သစ်တောသစ်ပင်များ စိုက်ပျိုးပြုစု ထိန်းသိမ်းရေး လုပ်ငန်းများတွင် ပြည်သူများ ပိုမိုတက်ကြွစွာ ပါဝင်လာစေရန်အတွက် မွန်ပြည်နယ်သစ်တောဦးစီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက်က ချောင်းဆုံမြို့နယ် မုရစ်ကြီး - ဇီးကုန်းကျေးရွာချင်းဆက်လမ်း၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် မုရစ်ကြီးကျေးရွာ အုပ်ချုပ်ရေးမှူးထံသို့ ပျိုးပင်များပေးအပ်ကာ မွန်ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက သတ်မှတ်နေရာများတွင် ပျိုးပင်များစိုက်ပျိုးကြပြီး ရွာချင်းဆက်လမ်းဘေးဝဲယာ တစ်လျှောက် စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှု အားပေးကာ စိုက်ပျိုးထားသည့် သစ်ပင်များ ရေရှည်ရှင်သန် ဖြစ်ထွန်းစေရေးအတွက် ဒေသခံများနှင့် တာဝန်ရှိသူများက ပူးပေါင်းစောင့်ရှောက် ထိန်းသိမ်းကြရန် လိုကြောင်း မှာကြားသည်။

အဆိုပါ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် ဒေသနှင့်ကိုက်ညီသည့် မန်ကျည်းရှားပင် ၈၅၀၊ ပျဉ်းမပင် ၁၀၀၊ စိန်ပန်းကြီးပင် ၁၀၀၊ ကုက္ကိုလ်ပင် ၁၀၀၊ ရေတမာပင် ၁၀၀၊ သက်ႏ္တိ သုံးပင်၊ ခရေသုံးပင်နှင့် အနန်းခြောက်ပင် စုစုပေါင်း ပျိုးပင် ၁၂၆၂ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

# ရန်ကုန်တိုင်းဒေသကြီးရှိ မြစ်ရေတင်လုပ်ငန်းများမှ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း နွေစပါးနှင့် အခြားသီးနှံ စုစုပေါင်း ဧက ၂၀၁၀၀ စိုက်ပျိုးရေ ပေးဝေရန် လျာထားဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၇

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် စက်တင်ဘာ ၅ ရက်က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မဆိုးညောင်ပင်ရွာအနီးရှိ ငမိုးရိပ်လျှပ်စစ် ရေတင်လုပ်ငန်းနှင့် လက်ပံရေတင်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆိုလာစနစ်တွဲဖက်တပ်ဆင်အသုံးပြုသည့် မြစ်ရေတင်လုပ်ငန်းငါးခုတွင် ဆိုလာကီလိုဝပ် ၁၀၅၇ ဒသမ ၁ ကီလိုဝပ်နှင့် ဆိုလာစနစ်သီးသန့် ရေတင်လုပ်ငန်းများအဖြစ် ရေတင်လုပ်ငန်းငါးခု၌ ဆိုလာကီလိုဝပ် ၇၂၆ ကီလိုဝပ် စုစုပေါင်း ဆိုလာကီလိုဝပ် ၁၇၈၃ ဒသမ ၁ ကီလိုဝပ် တပ်ဆင်ပြီးဖြစ်သည်။ အလားတူ လှည်းကူးမြို့နယ်နှင့် ထန်းတပင် မြို့နယ်တို့၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် တည်ဆောက်မည့် ဆိုလာကီလိုဝပ်၅၀၅၀ တပ်ဆင်ရန် တင်ဒါခေါ်ယူဆောင်ရွက်ပြီးဖြစ်ကာ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက စုစုပေါင်း ဆိုလာကီလိုဝပ် ၆၈၃၃ ဒသမ ၁ ကို မြစ်ရေတင်လုပ်ငန်းများတွင် အသုံးပြုနိုင်မည်ဖြစ်၍ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲနိုင်မည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှစ်ခုတွင် တည်ဆောက်ပြီး မြစ်ရေတင်လုပ်ငန်း ၂၃ ခုမှ အကျိုးပြုဧက ၂၆၀၀၀ ကျော်နှင့် ဆောင်ရွက်ဆဲမြစ်ရေတင် စီမံကိန်းတစ်ခုမှ အကျိုးပြုဧက ၁၅၀၀ စုစုပေါင်းမြစ်ရေတင် ၂၄ ခုမှ အကျိုးပြုဧက ၂၇၈၀၀ ကျော် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် နွေစပါးဧက ၁၇၄၀၀ ကျော်နှင့် အခြားသီးနှံဧက ၂၆၀၀ ကျော်၊ စုစုပေါင်း ဧက ၂၀၁၀၀ ကို ရေပေးဝေရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ယင်းနောက် လှည်းကူးမြို့နယ် ညောင်တခြမ်းကျေးရွာရှိ ငမိုးရိပ်ဆည်ရေသောက်စနစ် လက်တံမြောင်း(၆) ဧရိယာအတွင်း အောင်နိုင်တိုး မျိုးစပါးထုတ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဆွေးနွေးမှာကြားပြီး ငမိုးရိပ်လက်ဝဲတူးမြောင်းနှင့် ရေခွဲထိန်း အဆောက်အအုံကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဝန်ကြီးက စိုက်ပျိုးရေပေးဝေရာတွင် တည်ဆောက်ပြီး ဆည်ရေသောက်စနစ်များကို အဆင့်မြှင့်တင်ပြုပြင်၍ စိုက်ပျိုးရေအလေအလွင့် မရှိစေရေးနှင့် လိုအပ်သည့်အချိန်တွင် လိုအပ်သည့် ပမာဏအတိုင်း ပေးဝေနိုင်ရေး၊ စိစစ်စိုက်ဧကများအတိုင်း စိုက်ပျိုးရေပေးဝေ၍ အပြည့်အဝစိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မရမ်းကုန်းမြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန စက်မှုလုပ်ငန်းခွင်သင်တန်းကျောင်း စက်မှုတိုင်း(၁)ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်မြို့နယ်၌ အခွန်ဆိုင်ရာ ပညာပေး

**ရန်ကုန် စက်တင်ဘာ ၇**

လှိုင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် လှိုင်မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိုးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးတင်အောင်မိုးက အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်း စုစုပေါင်း ၈၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**




## အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများနှင့် စေတီပုထိုးများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၇**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အပါအဝင် မြို့နယ် ၂၃ မြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။



ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နှင့် မောက်မယ်မြို့တို့ရှိ ပြည်သူ့ဆေးရုံတို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

ယင်းအပြင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၈) ရပ်ကွက်ရှိ တဂေါင်းမင်္ဂလာစေတီတော်မြတ်ကြီး၏ ဘုရားပရိဝုဏ်အတွင်း၌ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အတိတ်ကိုသင်ခန်းစာယူကာ အနာဂတ်ကိုထုဆစ်ကြသည့်အခါ...

**စက်တင်ဘာ ၃ ရက် (ဗုဒ္ဓဟူးနေ့ )နံနက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြို့တော် ပေကျင်းမြို့ တီယန်မင်ရင်ပြင်၌ အနီရောင် နိုင်ငံတော်အလံတို့ တလွင့်လွင့် တောက်ပလျက်ရှိသည်။ သောင်းနှင့်ချီသည့် ဧည့်ပရိသတ်များက စတင်တော့မည့် အခမ်းအနားအတွက် စိတ်လှုပ်ရှားလျက်ရှိသည်။**

*ခင်ရတနာ*

ထိုနေ့သည် တရုတ်နိုင်ငံအတွက် သမိုင်းဝင်နေ့တစ်ရက်ဖြစ်ပြီး တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေး စစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားသို့ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်အကြီးအကဲများ တက်ရောက်ကာ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီးနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က တစ်ဦးချင်းကို ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ဗိုလ်ရှုစင်မြင့်သို့ အတူတကွ တက်ရောက်နေရာယူကြသည်။


မကြာမီ အခမ်းအနားကို စတင်သည်။

အခမ်းအနားအတွင်း တရုတ်သမ္မတက မိန့်ခွန်းပြောကြားရာ "ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲတွင် ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံတစ်ဝန်းလုံးမှ ရဲဘော်ဟောင်း၊ မျိုးချစ်ပုဂ္ဂိုလ်အပေါင်းတို့နှင့် စစ်ပွဲအောင်နိုင်ခဲ့ခြင်းအတွက် စွမ်းဆောင်ရည်ကို ပြသခဲ့ကြသော ပြည်တွင်းပြည်ပရှိ သွေးချင်းသားရင်းအပေါင်းတို့ကို များစွာဂါရဝပြု လေးစားကြောင်းနှင့် တိုက်ပွဲကာလအတွင်း တရုတ်ပြည်သူတို့ကို ကူညီထောက်ပံ့မှုများပေးခဲ့သည့် နိုင်ငံတကာအစိုးရများနှင့် ချစ်ကြည်ရေးပုဂ္ဂိုလ်အပေါင်းတို့ကို ကျေးဇူးတင်ရှိကြောင်း၊ တက်ရောက်လာသည့် နိုင်ငံအသီးသီးမှ ဧည့်သည်တော်အပေါင်းတို့အားလည်း လှိုက်လှဲစွာ ကြိုဆိုကြောင်း" ထည့်သွင်းပြောကြားသည်။

ထို့နောက် သမ္မတက စစ်ရေးပြဂုဏ်ပြုတပ်ဖွဲ့ဝင်များအား ကြည့်ရှုစစ်ဆေးပြီး စစ်ရေးပြအစီအစဉ်များ ပြုလုပ်သည်။

ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ စစ်ရေးပြအခမ်းအနားတွင် ပြည်သူများနှင့် နိုင်ငံတကာမှစောင့်ကြည့်လေ့လာသူများကား မြင့်မားသည့် ပစ်အားနှင့် ခေတ်မီသည့် သံချပ်ကာစနစ်ပါ Type 99၊ Type 100 တင့်ကားသစ်များ၊ တရုတ်နိုင်ငံ၏ ခေတ်မီလေကြောင်းနည်းပညာကို ကိုယ်စားပြုသည့် ဆန်းသစ်သည့် ဒီဇိုင်းနှင့် မြန်နှုန်းမြင့်တိုက်လေယာဉ်များ၊ မဟာဗျူဟာမြောက်အရေးပါမှုနှင့် တိကျမှုတို့ရှိသည့် ပဲ့ထိန်းဒုံးကျည်နှင့် ခရုဇ်ဒုံးကျည်၊ စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် တန်ပြန်တိုက်ခိုက်ရေး ဒရုန်းများအပြင် မောင်းသူမဲ့ယာဉ်များ၊ ခေတ်သစ်အီလက်ထရောနစ်စစ်ဆင်ရေး နည်းပညာများ စသည်ဖြင့် များပြားလှသည့် ခေတ်မီလက်နက်များကြောင့် အထူးပင်ရင်သပ်ရှုမောကြရသည်။

ထို့ပြင် ထိုနေ့တွင် တရုတ်သည် ကြည်း၊ ရေ၊ လေကိုယ်စားပြု မဟာဗျူဟာမြောက်တပ်ဖွဲ့များကို နျူကလီယားသုံးခုပေါင်းစည်းတပ်ဖွဲ့ (Nuclear Triad) အဖြစ် ပထမဆုံးအကြိမ် ထည့်သွင်းပြသခဲ့သည်။ ထိုပေါင်းစည်းအဖွဲ့တွင် ဝေဟင်မှပစ်ခတ်နိုင်သည့် တာဝေးပစ်ဒုံးကျည် JingLei-1 အမျိုးအစား၊ ရေငုပ်သင်္ဘောမှ ပစ်ခတ်နိုင်သော တိုက်ချင်းပစ်ဒုံးကျည် Ju Lang-3 အမျိုးအစားနှင့် မြေပြင်အခြေစိုက်တိုက်ချင်းပစ်ဒုံးကျည် Dong Feng-61 နှင့် Dong Feng -31 အမျိုးအစားတို့လည်း ပါဝင်သည်။



တရုတ်ပြည်သူများ၏ ဂျပန်ခုခံ တော်လှန်ရေးစစ်ပွဲနှင့်ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် နိုင်ငံပေါင်း ၂၆ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင် အကြီးအကဲများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

သမ္မတရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ နိုင်ငံ့ခေါင်းဆောင်များဖြစ်ကြသည့် ရုရှားသမ္မတ ဗလာဒီမာပူတင်၊ မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျုံအမ်၊ အာမေးနီးယားဝန်ကြီးချုပ် နီးကိုးလ်ပါရှီယန်၊ အဇာဘိုင်ဂျန်သမ္မတ အီလ်ဟမ် အလီယက်ဗ်၊ ဘယ်လာရုစ်သမ္မတ အလက်ဇန်းဒါး လူကာရှန်ကို၊ ကမ္ဘောဒီးယားဘုရင် နုရောတ္တမ သီဟာမိုနီ၊ ကျူးဘားသမ္မတ မင်ဂူရယ် ဒီရေ့၊ အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တို၊ အီရန်သမ္မတ မာဆက် ပီဇီရှ်ကီရန်၊ ကာဇက်စတန်သမ္မတ ကတ်ခ်ဆန်ဂျိုးမာ့တ်တိုးကာရာ့ဗ်၊ ကာဂျစ်စတန်သမ္မတ ဆာဒေရာဂျာဗာရော့ဗ်၊ လာအိုသမ္မတ သောင်လွန်း ဆီဆိုလစ်၊ မလေးရှားဝန်ကြီးချုပ် အန်နဝါ အီဘရာဟင်၊ မော်လဒိုက်သမ္မတ မိုဟာမက် မူအီဇူ၊ မွန်ဂိုလီးယားသမ္မတ ယုခါနာ ခါရယ်ဆာ့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နီပေါဝန်ကြီးချုပ် ကေပီရှားမားအိုလီ၊ ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘတ်ရှာရစ်ဖ်၊ ကွန်ဂိုနိုင်ငံသမ္မတ ဒဲနစ် ဆာဆို အန်ဂဲဆို၊ ဆားဘီးယားသမ္မတ အလက်ဇန္ဒား ဗူးဆစ်ယူ၊ ဆလိုဗက်ကီးယားဝန်ကြီးချုပ် ရောဘတ် ဖီကို၊ တာဂျစ်ကစ္စတန်သမ္မတ အီမိုမာလီရက်ခ်မွန်၊ တာ့ခ်မင်နစ္စတန် သမ္မတ ဆာဒါ ဘာဒီမူခါမက်ဒေါ့၊ ဗီယက်နမ်သမ္မတ လုယောင်ကွေးယန်နှင့်ဇင်ဘာဘွေ သမ္မတ အမ်မာဆန် အမ်နန်ဂါဂွါ စသည့်နိုင်ငံ့ခေါင်းဆောင် ၂၆ ဦးတို့ အခမ်းအနား တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံ့ခေါင်းဆောင်များအပြင် တရုတ်နိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများ၊ စစ်သံမှူးများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ရုရှား၊ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ကနေဒါစသည့်နိုင်ငံပေါင်း ၁၄ နိုင်ငံမှ မိတ်ဆွေများနှင့် ခုခံတော်လှန်စစ်တွင် ပါဝင်ခဲ့ကြသူများ၏ ကျန်ရစ်သူမိသားစု ၅၀ တို့သည်လည်း အခမ်းအနားသို့ ပါဝင်တက်ရောက်ခွင့်ရသည်။ ထို့ပြင် နိုင်ငံ့တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံတကာသတင်းထောက်များ၊ နိုင်ငံရေးနှင့် သမိုင်းကျွမ်းကျင်သူများ၊ ပြည်သူများစသည်ဖြင့် အလွှာအသီးသီးမှ ပြည်သူများကိုလည်း အခမ်းအနားအတွင်း မြင်တွေ့ရသည်။

ဆင်ဟွာသတင်းဌာန၏ ဖော်ပြမှုအရ စစ်ရေးပြအခမ်းအနားတွင် စစ်မှုထမ်းပေါင်း တစ်သောင်းကျော်၊ လေယာဉ်ပေါင်း ၁၀၀ ကျော်၊ မြေပြင်လက်နက်ရာပေါင်းများစွာကို စစ်ကာလကွပ်ကဲမှုစနစ်အတိုင်း ပုံစံအမျိုးမျိုးဖြင့် ပြသကြောင်း သိရှိရပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA)၏ ပြည်တွင်းထုတ် ခေတ်မီလက်နက်များကို ဖွင့်ဟပြခဲ့ခြင်းလည်းဖြစ်သည်။

### ၁၉၄၅ ခုနှစ်မှသည် ၂၀၂၅ ဆီသို့

အတိတ်ဆီသို့ ပြန်ပြောင်းသတိပြုကြမည်ဆိုလျှင် လွန်ခဲ့သည့်နှစ် ၈၀ ကျော်ကာလ ၁၉၃၇ ခုနှစ်မှ အစပြု၍ ဖက်ဆစ်တို့က တရုတ်နိုင်ငံအား ရှစ်နှစ်တာ သိမ်းပိုက်အုပ်ချုပ်ခဲ့သည်။ တရုတ်သမိုင်းတွင် အဆိုးရွားဆုံးနှင့် အသက်သွေးချွေးပေါင်းများစွာ စတေးခဲ့ရသည့်ကာလများ ဖြစ်ခဲ့ရသည်။ ၁၉၃၁ ခုနှစ်တွင် ဂျပန်တပ်များက တရုတ်မြောက်ပိုင်းကို စတင်နေရာယူလာခဲ့ပြီး ၁၉၃၇ ခုနှစ် မာကိုပိုလိုတံတားဖြစ်စဉ်မှစ၍ ပေကျင်း၊ ရှန်ဟိုင်း၊ နန်ကျင်း စသည့်မြို့ကြီးများကို ဖက်ဆစ်တို့က နေရာယူသိမ်းပိုက်လိုက်သည်။ ယင်းနှစ် ဒီဇင်ဘာ ၁၃ ရက်သည် တရုတ်ပြည်သူများအဖို့ မမေ့နိုင်သည့် သမိုင်းအတိတ်ဆိုးကြီးဖြစ်သည့် နန်ကျင်းလူသတ်မှုကို ယနေ့တိုင် နာကျင်နေကြဆဲဖြစ်သည်။

ထိုနေ့တွင် တရုတ်မြို့တော်ဖြစ်ခဲ့သည့် နန်ကျင်းကို ဂျပန်တပ်တို့က ကျူးကျော်ခဲ့ပြီးနောက် သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ အဓမ္မပြုကျင့်မှု၊ မီးရှို့မှုနှင့် လုယက်မှုများ ကြုံခဲ့ရပြီး အရပ်သားနှင့် စစ်သားသုံးသိန်းခန့် သေဆုံးခဲ့ရပြီး အမျိုးသမီးသောင်းနှင့်ချီ၍ အဓမ္မပြုကျင့်ခံခဲ့ရသည့် နာကျင်ဖွယ်အတိတ်ဆိုးမှာ တရုတ်ပြည်သူများအဖို့ ဝမ်းနည်းဖွယ်အချိန်အခါပင်ဖြစ်ခဲ့သည်။ သို့သော် မှန်ကန်သောခေါင်းဆောင်မှု၊ တပ်မတော်၊ ပြည်သူနှင့် ကျောင်းသားများအားလုံး စုပေါင်းအနစ်နာခံ ဆက်လက်တိုက်ခိုက်ခဲ့ကြသည့် စွမ်းအားနှင့် မဟာမိတ်နိုင်ငံများ၏ ပူးပေါင်းမှုများကြောင့် ဖက်ဆစ်တို့ကို အမြစ်ဖြုတ်နိုင်ခဲ့သည့်အပြင် ဒုတိယကမ္ဘာစစ် ကမ္ဘာ့အရှေ့ခြမ်း ဖက်ဆစ်ရန်ကို တွန်းလှန်နိုင်ခဲ့ခြင်း၏ အမှတ်သင်္ကေတအဖြစ် ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၃ရက်နေ့ကို ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့်ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်းနေ့အဖြစ် သတ်မှတ်ခဲ့ရခြင်းဖြစ်သည်။

**❖ သို့သော် မှန်ကန်သောခေါင်းဆောင်မှု၊ တပ်မတော်၊ ပြည်သူနှင့် ကျောင်းသားများအားလုံး စုပေါင်းအနစ်နာခံဆက်လက်တိုက်ခိုက်ခဲ့ကြသည့် စွမ်းအားနှင့် မဟာမိတ်နိုင်ငံများ၏ ပူးပေါင်းမှုများကြောင့် ဖက်ဆစ်တို့ကို အမြစ်ဖြုတ်နိုင်ခဲ့သည့်အပြင် ဒုတိယကမ္ဘာစစ် ကမ္ဘာ့အရှေ့ခြမ်းဖက်ဆစ်ရန်ကို တွန်းလှန်နိုင်ခဲ့ခြင်း၏ အမှတ်သင်္ကေတအဖြစ် ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့ကို ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲ အောင်နိုင်ခြင်းနေ့အဖြစ် သတ်မှတ်ခဲ့ရခြင်းဖြစ်**

### ငြိမ်းချမ်းခြင်းသည် ဖွံ့ဖြိုးမှု၏အစ

ကမ္ဘာတစ်ဝန်းရှိ စစ်မြေပြင်တို့တွင် သုံးမိနစ်လျှင် လူတစ်ဦးခန့်သေဆုံးနေရသည်ဟု ကုလသမဂ္ဂ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ စစ်ပွဲများကြောင့် စတေးခဲ့ရသည့် လူ့အသက်များစွာတို့မှာ ငြိမ်းချမ်းရေးအတွက် အလေးနက်ဆုံးသက်သေများပင်ဖြစ်သည်။ မငြိမ်းချမ်းသည့်အခါ ရှင်သန်ရပ်တည်ရန် မျှော်လင့်ချက်မဲ့ရပြီး လူသားတို့၏ အနာဂတ်၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အောင်မြင်မှု၊ လူသားဆန်မှုတို့အားလုံး ဆိတ်သုဉ်းခဲ့ရသည်။ ယခုအခါ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည်မှာ နှစ်ပေါင်း ၈၀ ပင်ရှိလာခဲ့ပြီ။

*စာမျက်နှာ ၇ သို့*

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ပခုက္ကူ စက်တင်ဘာ ၇**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့က ပခုက္ကူမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး ခေတ်ခွဲဌာနနှင့် သွေးလှူဘဏ်၌ ခရိုင်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုပေါင်း သွေးလှူဒါန်းကြသည်။




ထိုသို့စုပေါင်းသွေးလှူဒါန်းရာသို့ ပခုက္ကူမြို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ဇော်မင်းထက်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် ကော်မတီဝင်များက သွားရောက်ကြည့်ရှုအားပေးကြပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး သန်းဝင်း ဦးဆောင်၍ ခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အကျဉ်းဦးစီးဌာန(ပခုက္ကူ)မှ ဝန်ထမ်းများ စုစုပေါင်း ၄၅ ဦးတို့က စုပေါင်း သွေးလှူဒါန်းကြရာ တာဝန်ရှိသူများက သွေးလှူရှင်များအတွက် အာဟာရ ဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**



ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့(အကြို) အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင် ပြသခြင်းကို စက်တင်ဘာ ၅ ရက်က အခြေခံပညာမူလတန်းလွန်ကျောင်း(လုံပု)၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းယဉ်က အသိပညာပေးဟောပြောစဉ်။ စိုင်းငင်း(ပြန်/ဆက်)

*စာမျက်နှာ ၆ မှ*

သို့သော် ကမ္ဘာကြီးပေါ်၌ စစ်ပွဲတို့မချုပ်ငြိမ်းနိုင်သေးသည်ကို မြင်တွေ့ရသည်။

သို့သော် တရုတ်နိုင်ငံကား မှန်ကန်သည့် ဦးဆောင်မှု၊ တည့်မတ်သည့် ရည်မှန်းချက်များကို ကိုင်ဆောင်ကာ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ခဲ့မှု ကို ယနေ့သက်သေပြလိုက်ခြင်းပင်ဖြစ်ကြောင်း သတင်းမီဒီယာများက ရေးသားကြသည်။ တံခါးဖွင့်ဝါဒ ကျင့်သုံးလာချိန်မှစတင်ကာ တရုတ်နိုင်ငံသည် ငြိမ်းချမ်းသော လူမှုဘဝဝန်းကျင်ကို တည်ဆောက်နိုင်ခဲ့ပြီး လက်နက်အင်အား၊ ဓနအင်အား၊ ပညာရှင်အင်အားစသည်ဖြင့် တစ်ဟုန်ထိုးမြင့်တက်လာခဲ့သည်။ ယင်းအခြေခံကား နိုင်ငံတစ်ဝန်း ငြိမ်းချမ်းခြင်း၏ အသီးအပွင့် ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်သည်။


၁၉၇၈ ခုနှစ်က တရုတ်နိုင်ငံ၏ ပြည်တွင်းထုတ်လုပ်မှုစုစုပေါင်းတန်ဖိုး ဂျီဒီပီသည် ၃၆၇ ဒသမ ၉ ဘီလီယံသာရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ယွမ် ၁၃၄ ဒသမ ၉ ထရီလီယံအထိ မြင့်တက်လာနိုင်ခဲ့သည်။ လူတစ်ဦးချင်းစီ၏ ပျမ်းမျှဂျီဒီပီသည် ယွမ် ၉၅၀၀၀ ကျော်ရှိလာခဲ့သည်။ ယင်းအောင်မြင်မှုသည် တရုတ်ပြည်သူများအတွက်သာ အကျိုးပြုခဲ့စေရုံသာမက ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း များစွာအထောက်အကူဖြစ်စေခဲ့သည်။

ထို့ပြင် တရုတ်နိုင်ငံသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၌ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်စေခြင်းဟူသည့် သဘောတရားကို အခြေခံ၍ လက်တွေ့ကျင့်သုံးခဲ့သည်ကို မြင်တွေ့ရသည်။ တရုတ်နိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်စေလွှတ်မှု အများဆုံးနိုင်ငံတစ်ခုလည်းဖြစ်သည့်အပြင် ဆွေးနွေးညှိနှိုင်းခြင်းကို အားပေးခြင်း၊ အပစ်အခတ်ရပ်စဲရေးနှင့် စစ်ပွဲများရပ်စဲရေးတို့တွင် တရုတ်နိုင်ငံက ကြားဝင်တိုက်တွန်းခဲ့ခြင်းများလည်း ရှိခဲ့သည်။

ဆယ်စုနှစ်အတွင်း တရုတ်နိုင်ငံသည် နိုင်ငံပေါင်း ၁၅၀ ကျော်၊ နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၃၀ ကျော်နှင့် စီမံကိန်း ၃၀၀၀ ကျော် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အလုပ်အကိုင် လေးသိန်းကျော် ဖန်တီးပေးခြင်းစသည်တို့မှာ ဖွံ့ဖြိုးတိုးတက်မှုမျှဝေခြင်းဖြစ်ပြီး လူတိုင်းငြိမ်းချမ်းရေး အကျိုးခံစားနိုင်ရေးအတွက် တရုတ်နိုင်ငံ၏ မျက်မှောက်ခေတ် အဓိပ္ပာယ်ဖွင့်ဆိုချက်ပင်ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့ဒုတိယအကြီးဆုံးသွင်းကုန်ဈေးကွက်အဖြစ် ၁၄ နှစ် ဆက်တိုက်ရပ်တည်ခြင်း၊ ကမ္ဘာကြီး၏ အာဏာဝင်ရိုးစကေကမ္ဘာမှသည် ဗဟုကမ္ဘာဆီသို့ လွတ်လပ်စွာ ဦးတည်ခြင်းကိုလည်း ပံ့ပိုးကူညီပေးလျက်ရှိသည်ကို BRICS နှင့် SCO အဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ အောင်မြင်ခြင်းတို့ဖြင့် မြင်တွေ့ရနိုင်သည်။

**အိမ်နီးချင်းဆွေမျိုးပေါက်ဖော်ဆက်ဆံရေး**

မြန်မာနှင့် တရုတ်တို့၏ အေးအတူပူအမျှ




တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့်ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် မိုးပျံပူဖောင်းနှင့် ခိုဖြူငှက်များ လွှတ်တင်ကြစဉ်။

အိမ်နီးချင်းကောင်းဆက်ဆံရေးမှာ နှစ်ပေါင်း ထောင်ချီရှိခဲ့ပြီဖြစ်ပါသည်။ ထို့အတူ သံတမန်ဆက်ဆံခြင်းပင် စိန်ရတုတိုင်ခဲ့ပြီဖြစ်သည်။ စက်တင်ဘာ ၃ ရက်က တရုတ်နိုင်ငံ၌ ကျင်းပသည့် ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်းနေ့ အထိမ်းအမှတ် နှစ် (၈၀) ပြည့် အခမ်းအနားကြီးသို့ မိမိတို့နိုင်ငံယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း တရုတ်နိုင်ငံသမ္မတနှင့် တွေ့ဆုံရာ၌ ရွေးကောက်ပွဲအတွက် အကူအညီများ ပေးအပ်ရန်အပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ဆက်လက်ကူညီရပ်တည်မည်ဖြစ်ကြောင်းနှင့် အသိအမှတ်ပြုမှုရရှိခဲ့ကြောင်း သိရှိရပြီး ခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံသမ္မတ၊ ရုရှားနိုင်ငံသမ္မတ၊ လာအိုနိုင်ငံသမ္မတနှင့် မလေးရှားဝန်ကြီးချုပ်တို့ အပါအဝင် အခြားနိုင်ငံ့ခေါင်းဆောင်များနှင့် ရွေးကောက်ပွဲဆိုင်ရာအပါအဝင် အခြားသော ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများအတွက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် များစွာအကျိုးဖြစ်ထွန်းစေခဲ့သည့် ခရီးစဉ်ပင်ဖြစ်သည်။

ထို့ပြင် ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်းနေ့ အထိမ်းအမှတ် နှစ် (၈၀) ပြည့်အခမ်းအနားကြီးသည် မြန်မာနိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေးအပေါ် ကောင်းမွန်သည့် အကျိုးသက်ရောက်မှုကို ပေးစွမ်းသည့်အပြင် တရုတ်နိုင်ငံနှင့် နီးကပ်ရင်းနှီးသည့် ဆက်ဆံရေးအတွက် နိုင်ငံတကာ၏ အာရုံစူးစိုက်မှုကို ရရှိစေခဲ့သည်ဟု သုံးသပ်ရှုမြင်နိုင်ပြီး နိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။

**ငြိမ်းချမ်းရေးငှက်ငယ်များ လွတ်လပ်စွာပျံသန်း**

တရုတ်နိုင်ငံ၌ စက်တင်ဘာ ၃ ရက်က ကျင်းပသည့် ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်းနေ့ အထိမ်းအမှတ် နှစ် (၈၀) ပြည့်အခမ်းအနားသည် စုစုပေါင်း မိနစ် ၇၀ ခန့်သာ ကြာမြင့်သည်။ များပြားလှသည့် ပြည်သူများကား တီယန်မင်ရင်ပြင်၌ ဝမ်းသာဂုဏ်ယူမှုများဖြင့် ဝမ်းပန်းတသာ လက်ခုပ်တီးကြ၏။ နိုင်ငံတော်အလံနှင့် နှစ်(၈၀)ပြည့် အခမ်းအနားအထိမ်းအမှတ် အလံငယ်များကို ဝှေ့ယမ်းကာ ချီးကျူးဂုဏ်ပြုကြ၏။ စစ်ချီတေးသံများအကြား စီတန်းထွက်ပေါ်လာနေသည့် ခေတ်မီတပ်မတော်နှင့် စစ်လက်နက်ပစ္စည်းများအား တစ်ခဲနက် ကြိုဆိုကြသည်။ တရုတ်နိုင်ငံ၏ မှန်ကန်သော ဦးဆောင်မှုနှင့် ကောင်းမွန်သော ပြည်သူတို့၏သရုပ်ကို နိုင်ငံတကာသတင်းမီဒီယာတို့ မြင်တွေ့ကြရသည်။

အခမ်းအနားတွင် တူညီဝတ်စုံဝတ်ဆင်ထားသည့် အမျိုးသား အမျိုးသမီးငယ်များက လူပရိသတ်သောင်းချီကို နေရာချထားပေးသည်။ ချိုသာသော မျက်နှာထား၊ ငယ်ရွယ်နုပျိုသည့် အလှတရားနှင့် ယဉ်ကျေးသော အမူအရာများကြောင့် နိုင်ငံတကာသတင်းထောက်များ သတင်းယူမဆုံး။ အများစုက ကျောင်းသား ကျောင်းသူများဖြစ်ကြပြီး နိုင်ငံတော်ပွဲကြီးတွင် တစ်တပ်တစ်အား ပါဝင်အားဖြည့်နေကြသည်။ အခမ်းအနားအပြီးတွင် ခိုဖြူ အကောင်ရေရှစ်သောင်းအား ငြိမ်းချမ်းခြင်းအထိမ်းအမှတ်အဖြစ် တစ်ပြိုင်နက်လွှတ်လိုက်ရာ တီယန်မင်ရင်ပြင်အထက် ကောင်းကင်ပေါ်သို့ တစ်ရှိန်ထိုးပျံသန်းကြသည်။ ထို့အတူ ရှစ်သောင်းသော မိုးပျံပူဖောင်းများမှာလည်း ကောင်းကင်သို့ တဖြည်းဖြည်း မြင့်တက်သွားရာ တီယန်မင်ရင်ပြင်အထက် ကောင်းကင်နှင့်အပြည့် တည်ရှိနေတော့သည်။

ပြီးဆုံးခဲ့သော အရာတို့သည် မည်သို့သော အခြေအနေ၊ အချိန်အခါရောက်သည်ဖြစ်စေပြန်လည်၍ မရနိုင်တော့ပြီ။ ကောင်းမွန်သော ရွှေရောင်အတိတ်တို့သည် ပြန်လည်ဖမ်းဆုပ်၍ မရနိုင်သကဲ့သို့ ဆိုးရွားသောအတိတ်သမိုင်းတို့သည် အနာဂတ်သို့ လိုက်မလာနိုင်ပေ။ မကြုံစဖူးပြောင်းလဲနေသည့် မျက်မှောက်ခေတ်တွင် သမိုင်းသည် အတုယူစရာ၊ သင်ခန်းစာယူစရာများနှင့် ပြည့်နှက်၍ နေသည်။ တိုးတက်ဖွံ့ဖြိုးသထက် ဖွံ့ဖြိုးလာနေသည့် တရုတ်နိုင်ငံသည် အတိတ်ကို သင်ခန်းစာယူကာ အင်အားကို အပြည့်တည်ဆောက်သည့်အပြင် ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးအမြင်ကို ကိုယ်တိုင်လက်တွေ့ကျင့်သုံးနိုင်ခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာအရပ်ရပ်က နိုင်ငံများနှင့်အတူ ငြိမ်းချမ်းသည့် ကမ္ဘာလောကကြီးကို ထာဝရအလှဆင် ဖန်တီးတည်ဆောက်နိုင်ပါစေဟုသာ။ ။

# ယာယီနေရပ်စွန့်ခွာပြည်သူများကို ဆန်ရိက္ခာများ ထောက်ပံ့



**စစ်တွေ စက်တင်ဘာ ၇**

စစ်တွေမြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစုရပ် ၅၄ ခုတွင် နေထိုင်လျက်ရှိသော အိမ်ထောင်စု ၂၀၀၂ စု၊ လူဦးရေ ၇၀၃၉ ဦးတို့အတွက် ရိက္ခာဆန်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ရွှေစေတီဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ယာယီခိုလှုံရာစုရပ် ၅၄ ခုတွင် နေထိုင်ကြသည့် ပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေစေတီဘုန်းတော်ကြီး ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြပြီး နဝကမ္မအလှူငွေများလှူဒါန်း၍ ဆရာတော်ထံမှ ဩဝါဒခံယူကြ၍ အဆိုပါဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပသော ရိက္ခာဆန်များ ထောက်ပံ့ပေးခြင်းအခမ်းအနားသို့ တက်ရောက်ကာ ပြည်နယ်ဝန်ကြီးချုပ်က ယနေ့အခမ်းအနားတွင် ယာယီခိုလှုံရာစခန်းများရှိ ပြည်သူများအတွက် တစ်လစာအဖြစ် ဆန် (၁၉ ပြည်ဆန့်) ဆန်အိတ် ၂၇၇၈ အိတ်ကို လာရောက်ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ယာယီနေရပ်စွန့်ခွာစခန်းများတွင် နေထိုင်ကြစဉ်ကာလအတွင်း၌ ဆရာတော်ကြီးများ၏မေတ္တာကိုအလေးထားကာ သန့်ရှင်းရေးကအစ လုပ်ဆောင်ပေးကြရန်၊ စနစ်တကျ စည်းစည်းလုံးလုံး နေထိုင်ကြရန် စခန်းတာဝန်ခံများ၏ စကားကို နားထောင်ပြီး လိုက်နာကြရန်နှင့် တစ်ချိန်တွင် မိမိတို့ရပ်ရွာဒေသများကို ပြန်လည်ရောက်ရှိကာ ရပ်ရွာအကျိုး၊ ဒေသအကျိုးကို လုပ်ဆောင်နိုင်သူများ ဖြစ်ကြပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရတို့က ယာယီနေရပ်စွန့်ခွာပြည်သူများကို ဆန်ရိက္ခာများထောက်ပံ့ပေးအပ်ကြရာ (အပေါ်ယာပုံ) ယာယီနေရပ်စွန့်ခွာပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အဆိုပါ ဘုန်းတော်ကြီးကျောင်း၌ ရခိုင်ပြည်နယ်တိုင်းရင်းဆေးပညာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ယာယီနေရပ်စွန့်ခွာပြည်သူများကို ကျန်းမာရေး အသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်း ဆေးကုသမှုပေးခြင်းများဆောင်ရွက်နေမှုကို လှည့်လည် ကြည့်ရှုအားပေးကြပြီး ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန် ရောက်ရှိလာကြသော ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပဲခူးမြို့နယ်ရှိ မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုနှင့် ဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးလျက်ရှိ



**ပဲခူး စက်တင်ဘာ ၇**

ပဲခူးမြို့နယ်ရှိမိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုနှင့် ဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၅ ရက်က ပဲခူးမြို့ ကတွင်းခြံကျေးရွာ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရေ၊ မြေ၊ သဘာဝနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရန်၊ ပန်းတိုင်အထွက်နှုန်း ရရှိရေး မျိုး၊ မြေ၊ ရေ၊ နည်း ပြည့်စုံကောင်းမွန်ရေး အလေးထားဆောင်ရွက်သွားကြရန်နှင့် မိုးစပါးဖျက်ပိုးဖြစ်သည့် ရွှေခရုနှိမ်နင်းရေးအတွက် တောင်သူအစုအဖွဲ့စနစ်ဖြင့် ဘဲမွေးမြူပြီး မိုးစပါးစိုက်ခင်းများအတွင်း လွှတ်ကျောင်းစနစ်ဖြင့် ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကတွင်းခြံကျေးရွာအုပ်စုနှင့် စိုင်တီကျေးရွာအုပ်စုရှိ မိုးစပါးစိုက်တောင်သူများအတွက် သွင်းအားစုနှင့်ဓာတ်မြေဩဇာများ ပေးအပ်ရာ (ဝဲပုံ) ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မိုးစပါးစိုက်တောင်သူများက စိုက်ပျိုးသီးနှံအလိုက် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်နှင့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပဲခူးမြို့နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့၏ မွေးမြူရေးခြံ၌ ဒေသတွင်းဥစားသုံးမှု ဖူလုံစေရေးအတွက် ဥစားဘဲကောင်ရေ ၂၀၀၀ ကျော် မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး ဒေသတွင်း အသားငါးဖူလုံစေရေးအတွက် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၁၉)ကြိမ်မြောက် ဟိုချီမင်းအပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၇**

ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဟိုချီမင်းမြို့ ပြည်သူ့ရေးရာကော်မတီတို့၏ ဦးဆောင်မှုဖြင့် (၁၉)ကြိမ်မြောက် ဟိုချီမင်းအပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၄ ရက်မှ ၆ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးညီညီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။



စက်တင်ဘာ ၃ ရက်က (၁၉)ကြိမ်မြောက် ဟိုချီမင်း အပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲအထိမ်းအမှတ် ညစာစားပွဲနှင့် Vietnam Night ကို "The Flow of Quintessence" ခေါင်းစဉ်ဖြင့် Thiskyhall Sala Convention Center ၌ ကျင်းပရာ ဗီယက်နမ်နိုင်ငံ ကွန်မြူနစ်ပါတီအဖွဲ့ဝင် H.E. Mr.Nguyen Va Nen၊ ဒုတိယဝန်ကြီးချုပ် H.E. Mr. Mai Van Dhinh နှင့် တာဝန်ရှိသူများ၊ ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံခရီးသွားဝန်ကြီး၊ ဗီယန်ကျင်းမြို့တော်ပါတီကော်မတီမှ Deputy Secretary၊ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ရုရှ်ယန်မြူနီစီပယ်ပြည်သူ့အစိုးရ၏ မြို့တော်ဝန်၊ စိန့်ပီတာစဘတ်ပြည်နယ်ညီလာခံနှင့် ပြပွဲများကျင်းပရေးဗျူရိုမှ တာဝန်ရှိသူများ၊Tourism Promotion Organisation – TPO အဖွဲ့ဝင်မြို့များမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက (၁၉) ကြိမ်မြောက် ဟိုချီမင်းအပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲ ဖွင့်ပွဲအခမ်းအနားကို Saigon Exhibition Conven-tion Center – SECC Exhibition Hall ၌ ကျင်းပခဲ့ပြီး Tourism Promotion Organisation –TPO General Assembly High–Level Tourism Forum ကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ဖိုရမ်အပြီးတွင် ဒုတိယဝန်ကြီးသည် ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ Tourism Autho-rity of Thailand–TAT ၏ Governor နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံခရီးသွားမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် (၁၉)ကြိမ်မြောက် ဟိုချီမင်းအပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ခင်းကျင်းပြသထားသည့် ခရီးသွားပြခန်းများနှင့် ခရီးစဉ်များ ချိတ်ဆက်ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဟိုချီမင်းအပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲကို ပြည်တွင်းနှင့် နိုင်ငံတကာသတင်းမီဒီယာများ၊ ခရီးသွားဝန်ဆောင်မှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများနှင့် ကမ္ဘာလှည့်ခရီးသွားများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိစေရန် ရည်ရွယ်ချက်ဖြင့်ကျင်းပခြင်းဖြစ်ပြီး ပြပွဲသို့ နိုင်ငံပေါင်း (၃၀)မှ ခရီးသွားအာဏာပိုင် အဖွဲ့အစည်းများ၊ လေကြောင်းလိုင်းများ၊ ဟိုတယ်များ၊ နည်းပညာကုမ္ပဏီများမှ ပြခန်းပေါင်း ၅၂၀ ကျော် ခင်းကျင်းပြသခဲ့ကြသည်။

စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ခရီးသွားလုပ်ငန်း ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ပြီး ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၇** – မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၇ - ၉ - ၂၀၂၅

| | | |
|---|---|---|
| မချမ်းဘောမြို့ | ၅ ဒသမ ၀၀ | လက်မ |
| သာစည်မြို့ | ၄ ဒသမ ၅၃ | လက်မ |
| မုဒုံမြို့ | ၂ ဒသမ ၉၁ | လက်မ |
| မလှိုင်မြို့ | ၂ ဒသမ ၈၃ | လက်မ |
| ရွှေကျင်မြို့ | ၁ ဒသမ ၉၇ | လက်မ |
| မဒေါက်မြို့ | ၁ ဒသမ ၈၈ | လက်မ |
| ကော့သောင်းမြို့ | ၁ ဒသမ ၈၈ | လက်မ |
| ဖောင်းပြင်မြို့ | ၁ ဒသမ ၇၇ | လက်မ |
| ကျိုက္ကမီမြို့ | ၁ ဒသမ ၇၃ | လက်မ |




# တောင်ကြီးမြို့၌ (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**တောင်ကြီး စက်တင်ဘာ ၇**

၂၀၂၅ခုနှစ် ရှမ်းပြည်နယ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူ၊ နည်းပြဆရာများနှင့် ဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ်တို့က (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။(ယာပုံ)

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဝါသနာရှင် ပထမတန်းနှင့် ဒုတိယတန်းအဆင့်များ ပါဝင်ခြင်းမရှိဘဲ အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာအဆင့်နှစ်ဆင့် စုစုပေါင်း သုံးဆင့် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အင်အားအနေဖြင့် ယခင်နှစ်ကထက်နည်းသော်လည်း ကြိုးစားမှုရှိပါက ရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အနေဖြင့် (၂၅) ကြိမ်မြောက်ပြိုင်ပွဲတွင် ရွှေသုံးခု၊ ငွေသုံးခု၊ နှစ်သိမ့်ဆုသုံးဆုနှင့် အထူးဆုနှစ်ဆု စုစုပေါင်း ၁၁ ဆုရရှိခဲ့ကြောင်း၊ ယခုနှစ် ဗဟိုအဆင့်သို့ သွားရောက်ယှဉ်ပြိုင်နိုင်ရန် ပြည်နယ်အတွင်း ထူးချွန်သူများနှင့် ရွက်ပုန်းသီးအနုပညာရှင်များကို ပြည်နယ်ပြိုင်ပွဲတွင် စိစစ်ရွေးချယ်သွားရန် လိုအပ်ကြောင်းပြောကြားသည်။



ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ပြိုင်ပွဲဝင်များက ဓနုတိုင်းရင်းသားရိုးရာ အကများနှင့် ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် ဖျော်ဖြေမှုများကိုလည်းကောင်း၊ အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ် အမျိုးသား အကယှဉ်ပြိုင်နေမှု၊ အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ် အမျိုးသား (မဟာဂီတ) အဆိုပြိုင်ပွဲနှင့် အမျိုးသမီးအသက် (၁၀-၁၅)နှစ် (မဟာဂီတ)အဆိုပြိုင်ပွဲများကိုလည်းကောင်း ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးတက္ကသိုလ် ရေစုကန်မှ ပင်မကျောင်းဆောင်သို့ ဆက်သွယ်သွားလာနိုင်ရန် လူကူးတံတားဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဒုတိယဝန်ကြီး ဦးမင်းမင်း အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း (စနေ၊ တနင်္ဂနွေ) အမှတ်စဉ် (၁၂) သင်တန်းဖွင့်ပွဲသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၇**

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း (စနေ၊တနင်္ဂနွေ) အမှတ်စဉ် (၁၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး ညီလာခံခန်းမ၌ ကျင်းပသည်။(အောက်ပုံ)




ဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ယခုဖွင့်လှစ်ပို့ချမည့် သင်တန်းတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတကာ ငွေကြေးပေးချေမှု၊ အကောက်ခွန်၊ ကုန်ပစ္စည်းအရည်အသွေး၊ မူပိုင်ခွင့်နှင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းနယ်ပယ် အသီးသီးရှိ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို အဓိကထား သင်ကြားပို့ချပေးသွားမည် ဖြစ်သည့်အတွက် အကျိုးရှိမည့် သင်တန်းတစ်ခု ဖြစ်ပါကြောင်း၊ သင်ကြားပို့ချမည့် ဘာသာရပ်များကို မိမိတို့ဝန်ကြီးဌာနအပြင် ကုန်သွယ်မှုနှင့် ဆက်နွှယ်နေသော အခြားဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ပြင်ပဘာသာရပ် ကျွမ်းကျင်သူ ပညာရှင်များက သင်ကြားပို့ချပေးသွားမည်ဖြစ်ပါကြောင်း၊ သင်တန်းကာလအတွင်း သင်တန်းသား သင်တန်းသူများအား ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်း/ဌာနများ၊ အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များသို့ လက်တွေ့လေ့လာရေးခရီးစဉ်များကို စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် ပို့ချမှုများကို စိတ်ပါဝင်စားစွာ လေ့လာမှတ်သားကြစေလိုပါကြောင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းဖြင့် မိမိတို့အတွက် အကျိုးကျေးဇူးရရှိအောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းအား တစ်နေ့ ၃ နာရီဖြင့် စနေ၊ တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ လေးလကြာမြင့်မည်ဖြစ်ကာ စုစုပေါင်း သင်တန်းသားဦးရေ ၁၁၀ ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကြို့ပင်ကောက်မြို့၌ အနာကြီးရောဂါအကြောင်းအသိပညာပေးဆွေးနွေး၊ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုများဆောင်ရွက်ပေး

**ကြို့ပင်ကောက် စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနာကြီးရောဂါ တိုက်ဖျက်ရေးဌာနက အနာကြီးရောဂါအကြောင်း အသိပညာပေးဆွေးနွေးပွဲနှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးခြင်းကို ယမန်နေ့က ရွာမမြောက်ရပ်ကွက် ဇမ္ဗူအေးစေတီတော်ဘုရား ပရိဝုဏ်အတွင်း၌ ကျင်းပသည်။(ယာပုံ)

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာထွန်းထွန်းစိုးက အနာကြီးရောဂါနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးပြောကြားပြီး အနာကြီးရောဂါ တိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင် ဒေါက်တာမေဇော်က အနာကြီးရောဂါစတင်ကူးစက်ဖြစ်ပေါ်လာပုံ၊ ကုသရမည့်နည်းလမ်းများနှင့် ကျန်းမာရေးဌာနက အခမဲ့ကုသပေးနေမှု အခြေအနေများကိုလည်းကောင်း၊ အနာကြီးရောဂါ စောင့်ရှောက်ရေးမှူး ဦးစိုးနိုင်က အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကြို့ပင်ကောက်မြို့၌ အနာကြီးရောဂါ ဖြစ်ပွားလျက်ရှိသော လူနာများအား အခမဲ့ ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။



အခမ်းအနား အပြီးတွင် ဒေသခံပြည်သူများအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆီးချိုနှင့် သွေးတိုးရောဂါများ စစ်ဆေးပေးပြီး အခမဲ့ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စနစ်သစ်နှင့် ရွေးကောက်ပွဲဆီသို့ ( ၃ )

မဲဆန္ဒရှင်တစ်ဦး

## နိဒါန်း

ရွေးကောက်ပွဲများတွင် ဥပဒေနှင့်အညီ မဲပေးခွင့်နှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသည့် အခွင့်အရေးဖြစ်သလို ဒီမိုကရေစီအခြေခံအခွင့်အရေးလည်း ဖြစ်ပါသည်။ ဤအခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ (က)၊ ပုဒ်မ ၃၆၉ (က) နှင့် ပုဒ်မ ၃၉၅ တို့တွင် ပြဋ္ဌာန်းပေးထားပါသည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲတွင် လွှတ်တော်မဲဆန္ဒနယ်အလိုက် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပါသည်။ ဤဆောင်းပါးတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းဆိုင်ရာ သိသင့်သိထိုက်သည်များကို ရေးသားတင်ပြသွားမည်ဖြစ်ပါသည်။

## စနစ်သစ်နှင့်ရွေးကောက်ပွဲ

ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ပြည်သူ့လွှတ်တော်အတွက် ယခင်အတိုင်း FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်ထားသည့် MMP စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။ MMP စနစ်ဆိုသည်မှာ ရောနှောထားသည့်စနစ်များအုပ်စုတွင် ပါဝင်သည့် ရွေးကောက်ပွဲစနစ်တစ်မျိုးဖြစ်ပါသည်။ မတူညီသော ရွေးကောက်ပွဲစနစ်နှစ်မျိုးကို ကျင့်သုံးခြင်းဖြစ်သည်။ သာမန်အားဖြင့် ဗဟုအများစုကိုယ်စားပြုစနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်သည်။ အဓိကအားဖြင့် FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်ပြီး မဲဆန္ဒနယ်နှင့် ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်ခွဲခြား၍ ကျင့်သုံးခြင်းဖြစ်ပါသည်။ ရွေးကောက်ပွဲစနစ်နှစ်မျိုး ပေါင်းစပ်ကျင့်သုံးမည်ဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း လုပ်ငန်းစဉ်လည်း အနည်းငယ်ကွဲပြားသွားမည် ဖြစ်ပါသည်။

## လွှတ်တော်မဲဆန္ဒနယ်များ

ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွက် FPTP မဲဆန္ဒနယ် ၃၃၀ နယ်မှ ကိုယ်စားလှယ် ၃၃၀၊ အမျိုးသားလွှတ်တော်အတွက် FPTP မဲဆန္ဒနယ် ၈၄ နယ်မှ ကိုယ်စားလှယ် ၈၄ ဦးနှင့် PR မဲဆန္ဒနယ် ၂၄ နယ်မှ ကိုယ်စားလှယ် ၈၄ ဦး၊ တိုင်းဒေသကြီးလွှတ်တော်/ ပြည်နယ်လွှတ်တော်များအတွက် FPTP မဲဆန္ဒနယ် ၃၂၂ နယ်မှ ကိုယ်စားလှယ် ၃၂၂ ဦး၊ PR မဲဆန္ဒနယ် ၄၂ နယ်မှ ကိုယ်စားလှယ် ၃၂၂ ဦးနှင့် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်မှ ကိုယ်စားလှယ် ၂၉ ဦး စုစုပေါင်း မဲဆန္ဒနယ် ၈၃၃ နယ်မှ ကိုယ်စားလှယ် ၁၁၇၁ ဦး ရွေးကောက်တင်မြှောက်မည်ဖြစ်ပါသည်။ (တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မဲဆန္ဒနယ်စာရင်းနှင့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်စာရင်းကို ဇယားဖြင့် ဖော်ပြထားပါသည်။)

## လွှတ်တော်ကိုယ်စားလှယ်လောင်း အရည်အချင်းကိုက်ညီရန်လို

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၅ တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များအရ သော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ အရည်အချင်းပျက်ယွင်းသူ မဟုတ်ပါက နိုင်ငံသားတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မ ၁၅၂၊ ပုဒ်မ ၁၆၉ တို့နှင့် ယင်းပုဒ်မများက ဆင်းသက်သည့် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ ပါ အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၁ နှင့် ယင်းပုဒ်မက ဆင်းသက်သည့် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းသူမဖြစ်ရန်လည်း လိုအပ်သည်။ ထို့အပြင် လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသည့် အရည်အချင်းပျက်ယွင်းသူမဖြစ်ရန်လည်း အရေးကြီးသည်။ မတရားအသင်းများ၊ အကြမ်းဖက်အဖွဲ့အစည်းများ၊ သောင်းကျန်းသူအဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင်များနှင့် အဆက်အသွယ်ရှိနေသူများမပါစေရန် သတိပြုစိစစ်ရပါမည်။

> **“ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ပြည်သူ့လွှတ်တော်အတွက် ယခင်အတိုင်း FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်ထားသည့် MMP စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။ MMP စနစ်ဆိုသည်မှာ ရောနှောထားသည့်စနစ်များအုပ်စုတွင် ပါဝင်သည့် ရွေးကောက်ပွဲစနစ်တစ်မျိုးဖြစ်ပါသည်။ မတူညီသော ရွေးကောက်ပွဲစနစ်နှစ်မျိုးကို ကျင့်သုံးခြင်းဖြစ်သည်။ သာမန်အားဖြင့် ဗဟုအများစုကိုယ်စားပြုစနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်သည်။ အဓိကအားဖြင့် FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်ပြီး မဲဆန္ဒနယ်နှင့် ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်ခွဲခြား၍ ကျင့်သုံးခြင်း ဖြစ်ပါသည်။ ရွေးကောက်ပွဲစနစ်နှစ်မျိုး ပေါင်းစပ်ကျင့်သုံးမည်ဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း လုပ်ငန်းစဉ်လည်း အနည်းငယ်ကွဲပြားသွားမည်”**

## သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် အမည်ပါဝင်ရန်လို

လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို ဆဋ္ဌမအကြိမ် ပြင်ဆင်သည့်ဥပဒေတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူ ပြဋ္ဌာန်းချက် ပုဒ်မ ၈ တွင် အချက် ၃ ချက် ထပ်မံဖြည့်စွက်ထားကြောင်း သတိပြုရပါမည်။

ပုဒ်မ ၈(က) (၃) အရ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မိမိရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်၏ မဲစာရင်းတွင် အမည်ပါဝင်ရန် လိုအပ်သည်။ ရည်ရွယ်ချက်နှင့် အနှစ်သာရမှာ မဲဆန္ဒနယ်တွင် နေထိုင်သူဖြစ်ပြီး ဒေသအကျိုးကို နီးနီးကပ်ကပ် ဆောင်ရွက်ပေးနိုင်ရန်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မိမိမဲဆန္ဒနယ်တွင် ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်များနှင့် အတူတကွ မဲပေးနိုင်မည့် အခွင့်အရေးလည်း ဖြစ်သည်။

MMP စနစ်အရ လွှတ်တော်အလိုက် မဲဆန္ဒနယ် အမျိုးအစားနှစ်မျိုးရှိသည်။ ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ရမည့် FPTP မဲဆန္ဒနယ်များနှင့် တစ်ဦးထက်ပိုသော ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရမည့် PR မဲဆန္ဒနယ်များ ဖြစ်သည်။ မဲဆန္ဒနယ်များ၏ ပုံသဏ္ဌာန် သုံးမျိုးရှိသည်။ မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ် တစ်နယ်သတ်မှတ်သည့်ပုံစံ၊ တစ်ဆက်တစ်စပ်တည်းရှိသော မြို့နယ်များကိုစုစည်း၍ မဲဆန္ဒနယ် တစ်နယ် သတ်မှတ်သည့်ပုံစံ၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုလုံးကို မဲဆန္ဒနယ်တစ်နယ် သတ်မှတ်သည့်ပုံစံတို့ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ယခင်ကတည်းက အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (ဖဖ/ဖ) ဖြင့် မဲဆန္ဒနယ်အတွင်းရှိ မြို့နယ်တစ်ခုခုတွင် နေထိုင်သူဖြစ်ပါက မူလကတည်းက မဲစာရင်းတွင် ပါဝင်ပြီးဖြစ်ပါမည်။ မဲဆန္ဒနယ်ပြင်ပ အခြားမြို့နယ်မှ ပုဂ္ဂိုလ်ဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းမတင်သွင်းမီ လုပ်ထုံးလုပ်နည်းနှင့်အညီ ပုံစံ (ဖဖ/ဖ) ပြောင်းရွှေ့ပြီး မဲစာရင်းတွင် ပါဝင်အောင် အချိန်မီဆောင်ရွက်သွားရန် လိုအပ်သည်။ မဲစာရင်းတွင် ပါဝင်ကြောင်း သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံချက်ကို အမည်စာရင်းတင်သွင်းလွှာပုံစံ (ဖ) တွင် ရယူထားရန်လည်းလိုအပ်သည်။

## အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်သူဖြစ်ရမည်

ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ (ဂ)အရ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် အနိမ့်ဆုံးပညာအရည်အချင်း အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်သူဖြစ်ရပါမည်။ ရှင်းလင်းချက်- အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်သူ ဆိုသည်မှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခြင်း မရှိသော်လည်း အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်အားလုံးကို သင်ယူပြီးမြောက်ခဲ့သူကို ဆိုပါသည်။ ဤပြဋ္ဌာန်းချက်နှင့် တိုက်ဆိုင်နေသူဖြစ်ပါက သက်ဆိုင်ရာ ကျောင်း/ဌာန၏ ထောက်ခံချက် သို့မဟုတ် အခြေခံပညာအထက်တန်းဆင့် သင်ယူပြီးမြောက်ကြောင်း လက်မှတ်တင်ပြရန် လိုအပ်သည်။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ၊ တက္ကသိုလ်အတန်းတစ်ခုခုတွင် တက်ရောက်နေသူများ/ တက်ရောက်ဖူးသူများ၊ အစိုးရ အသိအမှတ်ပြု တက္ကသိုလ်/ကောလိပ်မှ ဘွဲ့ရသူများအတွက် မိမိ၏ပညာအရည်အချင်း လက်မှတ်တစ်ခုခုတင်ပြရန် လိုအပ်ပါသည်။

## နိုင်ငံတော်နှင့် ပုဂ္ဂလိကသို့ မသင့်လျော်သည့် ပေးရန်တာဝန်များ ကင်းရှင်းသူ

ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ (ဃ)အရ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် နိုင်ငံတော်နှင့် ပုဂ္ဂလိကသို့ မသင့်လျော်သည့် ပေးရန်တာဝန်များ ကင်းရှင်းသူဖြစ်ရန် လိုပါသည်။ အထူးသတိပြုရန် လိုအပ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်လောင်းကိုယ်တိုင်က နိုင်ငံတော်နှင့် ပုဂ္ဂလိကသို့ မသင့်လျော်သည့် ပေးရန်တာဝန်များ ကင်းရှင်းသူဖြစ်ကြောင်း ကိုယ်တိုင်ဝန်ခံချက် ပူးတွဲတင်ပြရပါမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း စိစစ်ချိန်တွင် ဤပုဒ်မနှင့် ငြိစွန်းကြောင်း ကန့်ကွက်ခံရပြီး မှန်ကန်ပါက လွှတ်တော်ကိုယ်စားလှယ်လောင်းအရည်အချင်း ပျက်ယွင်းသွားမည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးမှ ဤပုဒ်မနှင့် ငြိစွန်းကြောင်း တိုင်ကြားခံရလျှင်လည်း ရွေးကောက်ပွဲခုံအဖွဲ့ဖြင့် စစ်ဆေးချိန်တွင် မှန်ကန်ကြောင်း ပေါ်ပေါက်ပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်ရှိမည် မဟုတ်ကြောင်း သတိချပ်စေလိုပါသည်။

## အမည်စာရင်းတင်သွင်းရမည့် သတ်မှတ်နေ့ရက်

မဲဆန္ဒနယ်အသီးသီးအတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင်တင်သွင်းနိုင်သည့်ရက်မှာ ၈-၉-၂၀၂၅ ရက်နေ့ဖြစ်ပြီး နောက်ဆုံးတင်သွင်းရမည့်နေ့ရက်မှာ ၁၇-၉-၂၀၂၅ ရက်နေ့အထိ ၁၀ ရက်ဖြစ်ပါသည်။ အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့်နောက်ဆုံးနေ့ရက်မှာ ၁၂-၉-၂၀၂၅ ရက်နေ့ဖြစ်ပါသည်။ PR မဲဆန္ဒနယ်များအတွက် အမည်စာရင်းရုပ်သိမ်းပါက ပြန်လည်အစားထိုး တင်သွင်းရမည့်ရက်မှာ ၁၃-၉-၂၀၂၅ ရက်နေ့မှ ၁၇-၉-၂၀၂၅ ရက်နေ့အထိဖြစ်ပါသည်။

ကော်မရှင်က သတ်မှတ်ကြေညာလိုက်သည့် ရက်အတွင်း ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းအတွက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများ၊ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများနှင့် တရားရုံးများကို ရုံးပိတ်ရက်တွင်ပါ ဖွင့်လှစ်ပေးရန် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

## အမည်စာရင်းတင်သွင်းရမည့် ကော်မရှင်အဖွဲ့ခွဲများ

ပြည်သူ့လွှတ်တော် FPTP မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းသည် မဲဆန္ဒနယ်နှင့်သက်ဆိုင်သည့် ပြည်ထောင်စုနယ်မြေကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်း တင်သွင်းရမည်။

အမျိုးသားလွှတ်တော် FPTP နှင့် PR မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်း တင်သွင်းရပါမည်။ အထူးသတိပြုရန်မှာ FPTP မဲဆန္ဒနယ်တွင် ပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီများသည် ယင်း FPTP မဲဆန္ဒနယ်အကျုံးဝင်သည့် PR မဲဆန္ဒနယ်အတွက်လည်း ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်အရေအတွက်အတိုင်း တစ်ဆက်တည်း အမည်စာရင်းတင်သွင်းရပါမည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

ဒေသတစ်ခုစီအတွက် FPTP မဲဆန္ဒနယ်တစ်နယ်စီ သီးခြားပါဝင်ပြီး ယင်း FPTP မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသရရှိထားသည့် တိုင်းရင်းသားလူမျိုးများ ဖြစ်သင့်ပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် FPTP နှင့် PR မဲဆန္ဒနယ်များအတွက် ကော်မရှင်က သတ်မှတ်ပေးသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်းတင်သွင်းရပါမည်။ အမျိုးသားလွှတ်တော်နည်းတူ FPTP မဲဆန္ဒနယ်နှင့် PR မဲဆန္ဒနယ်များအတွက် သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း အမည်စာရင်းတင်သွင်းရပါသည်။ တိုင်းရင်းသားလူမျိုး FPTP မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်း တင်သွင်းရပါမည်။

ယခုအခါ ပြည်ထဲရေးဝန်ကြီးဌာန၏ ခရိုင်များ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းအရ မူလခရိုင်များအပြင် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသည့် ခရိုင်အသစ်များလည်း ပေါ်ပေါက်လာပါသည်။ ခရိုင်များ တိုးချဲ့ဖွဲ့စည်းလိုက်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရမည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများ သတ်မှတ်ချက်အား ကော်မရှင်က ၂၆-၈-၂၀၂၅ ရက်နေ့တွင် နိုင်ငံရေးပါတီများသို့ အသိပေး အကြောင်းကြားစာပေးပို့ခဲ့ပါသည်။ ကော်မရှင်က သတ်မှတ်သည့်ခရိုင်များတွင် ကိုယ်စားလှယ်လောင်းအမည်စာရင်းများ တင်သွင်းရမည် ဖြစ်ပါသည်။ ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရာတွင် ကော်မရှင်က သတ်မှတ်ကြေညာလိုက်သည့် မဲဆန္ဒနယ်အားလုံးအတွက် တင်သွင်းနိုင်မည်ဖြစ်ပါသည်။ ရွေးကောက်ပွဲကို အပိုင်းလိုက်ခွဲ၍ ဆောင်ရွက်ခြင်းမှာ ဆန္ဒမဲပေးရမည့်ရက်ကိုသာ ခွဲခြားသတ်မှတ်ခြင်းဖြစ်ပြီး အပိုင်း(၁) ရွေးကောက်ပွဲရက်မတိုင်မီ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စုံလင်အောင် ဆောင်ရွက်ထားရခြင်း ဖြစ်ပါသည်။

**ကိုယ်စားလှယ်လောင်း**
**အမည်စာရင်းတင်သွင်းခြင်း**

လွှတ်တော်ကိုယ်စားလှယ်လောင်းသည် အမည်စာရင်းတင်သွင်းလွှာပုံစံ (၆) မူရင်းနှစ်စောင်နှင့်အတူ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မိတ္တူတစ်စောင်၊ ကော်မရှင်က သတ်မှတ်သည့် ကိုယ်ရေးမှတ်တမ်း မူရင်းနှစ်စောင်၊ ရွေးကောက်ပွဲဝင်ခွင့်အတွက် ပေးသွင်းငွေ ငါးသိန်းပေးသွင်းပြီးကြောင်း ချလန်ဖြတ်ပိုင်းမူရင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး ခန့်အပ်ခြင်းအတွက် ကိုယ်တိုင်ဆောင်ရွက်ပါက ခန့်စာပုံစံ (၇) နှစ်စောင် သို့မဟုတ် အခြားသူတစ်ဦးဦးအား ခန့်အပ်ပါက ပုံစံ (၇-က) နှစ်စောင်၊ ပညာအရည်အချင်းအတွက် ထောက်ခံချက်/လက်မှတ်၊ အခွန်ကင်းရှင်းကြောင်း သက်ဆိုင်ရာ အခွန်ဦးစီးမှူးရုံး ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်ကြောင်း ပါတီဌာနချုပ်၏ ထောက်ခံချက်၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းဖြစ်ပါက မိမိအသုံးပြုမည့် သင်္ကေတ အမှတ်အသား Hard Copy နှင့် Soft Copy တို့ကို ပူးတွဲတင်ပြရပါမည်။

လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀ (က) အရ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် အခြားသူတစ်ဦးဦးကို ခန့်အပ်မည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်လောင်းအရည်အချင်းများနှင့် ပြည့်စုံသူကိုသာ ခန့်အပ်ရန် သတိပြုရပါမည်။ အမည်စာရင်းတင်သွင်းလွှာ စိစစ်ချိန်တွင် ရွေးကောက်ပွဲကိုယ်စားလှယ်ကန့်ကွက်ခံရပါက ဖြေရှင်းနိုင်ရန်နှင့် အငြင်းမပွားရစေရန် ရွေးကောက်ပွဲကိုယ်စားလှယ်အတွက်လည်း အထောက်အထား၊ စာရွက်စာတမ်းများ ရယူထားရန်လိုပါသည်။

အမည်စာရင်းတင်သွင်းလွှာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မြို့နယ်တရားသူကြီးအဆင့်ထက်မနိမ့်သော တရားသူကြီးတစ်ဦးဦးရှေ့မှောက်၌ လက်မှတ်ရေးထိုးကြောင်း တရားသူကြီးက ထပ်ဆင့်လက်မှတ်ရေးထိုး၍ ရုံးတံဆိပ်ရိုက်နှိပ်ပေးရမည်။ အမည်စာရင်းတင်သွင်းလွှာနှင့် ကိုယ်ရေးမှတ်တမ်းတွင် လိမ်လည်ဖြည့်သွင်းထားကြောင်း သို့မဟုတ် ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများကို အတုပြုလုပ်၍ တင်သွင်းထားကြောင်း စစ်ဆေးတွေ့ရှိရပါက ပုဒ်မ ၈၈-က အရ တရားစွဲဆိုခံရနိုင်ပါသည်။

> **"လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်လောင်းကိုယ်တိုင်က နိုင်ငံတော်နှင့် ပုဂ္ဂလိကသို့ မသင့်လျော်သည့် ပေးရန်တာဝန်များ ကင်းရှင်းသူဖြစ်ကြောင်း ကိုယ်တိုင်ဝန်ခံချက် ပူးတွဲတင်ပြရပါမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း စိစစ်ချိန်တွင် ဤပုဒ်မနှင့် ငြိစွန်းကြောင်း ကန့်ကွက်ခံရပြီး မှန်ကန်ပါက လွှတ်တော်ကိုယ်စားလှယ်လောင်းအရည်အချင်း ပျက်ယွင်းသွားမည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးမှ ဤပုဒ်မနှင့် ငြိစွန်းကြောင်း တိုင်ကြားခံရလျှင်လည်း ရွေးကောက်ပွဲခုံအဖွဲ့ဖြင့် စစ်ဆေးချိန်တွင် မှန်ကန်ကြောင်း ပေါ်ပေါက်ပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်ရှိမည်မဟုတ်ကြောင်း သတိချပ်စေလို"**

**MMP စနစ်အရ PR မဲဆန္ဒနယ်အတွက်**
**အမည်စာရင်းတင်သွင်းခြင်း**

လွှတ်တော် ၃ ရပ် FPTP မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရာတွင် ကိုယ်စားလှယ်လောင်းကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ကိုယ်စား ဆောင်ရွက်သူတစ်ဦးဦးကဖြစ်စေ သတ်မှတ်ထားသည့် ကော်မရှင်အဖွဲ့ခွဲတွင် တင်သွင်းရပါမည်။

အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် PR မဲဆန္ဒနယ်အတွက် ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်းကို ပါတီကဖြစ်စေ၊ ပါတီကိုယ်စား ဆောင်ရွက်သူတစ်ဦးဦးကဖြစ်စေ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတွင် တင်သွင်းရပါမည်။ ဤနေရာတွင် MMP စနစ်အရ FPTP နှင့် PR စနစ်ကို ချိတ်ဆက်ထားခြင်းဖြစ်သဖြင့် FPTP မဲဆန္ဒနယ် (အမျိုးသားလွှတ်တော်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသ FPTP မဲဆန္ဒနယ်ခြောက်နယ်မပါ) တွင် ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပါတီများက ယင်း FPTP မဲဆန္ဒနယ်အကျုံးဝင်သည့် PR မဲဆန္ဒနယ်အတွက်လည်း ရွေးကောက်ရမည့် ကိုယ်စားလှယ်အရေအတွက်အတိုင်း တစ်ဆက်တည်း အမည်စာရင်းတင်သွင်းရန်ဖြစ်ပါသည်။ ကိုယ်စားလှယ်လောင်းအရေအတွက် လျော့ပေါ့တင်သွင်း၍ မရပါ။ MMP စနစ်အတွက် အဓိကအချက်ဖြစ်ပါသည်။ PR မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းနှင့်အတူ ပါတီဌာနချုပ်က PR မဲဆန္ဒနယ် တစ်နယ်စီအတွက် ကိုယ်စားလှယ်လောင်း ဦးစားပေးအစဉ်လိုက် အမည်စာရင်းကို ကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ Closed List PR စနစ်အရ တင်ပြရပါမည်။

FPTP မဲဆန္ဒနယ်တွင် ကိုယ်စားလှယ်လောင်းကရရှိသည့် ဆန္ဒမဲကို PR မဲဆန္ဒနယ်အတွက် ပါတီကရရှိသည့် ဆန္ဒမဲအဖြစ် စုစည်းတွက်ချက်သွားမည်ဖြစ်ပါသည်။ PR မဲဆန္ဒနယ်အတွက် ပါတီအသီးသီးက စုစည်းရရှိသည့် ဆန္ဒမဲများအပေါ် မူတည်ပြီး ပါတီအများသိပြီးဖြစ်သော ရိုးရှင်းလွယ်ကူသည့် Closed List PR စနစ်၊ အနည်းဆုံးရရှိရမည့်အခြေခံမဲ Hare Quota တွက်နည်း၊ ကြွင်းကျန်မဲ အများဆုံးနည်းလမ်း (The Largest Remainder Method) တို့ဖြင့် ပါတီအချိုးကျ PR ကိုယ်စားလှယ်များကို ဥပဒေအတိုင်း တွက်ချက်သွားမည်ဖြစ်ပါသည်။

ထိုသို့ တွက်ချက်ရာတွင် PR မဲဆန္ဒနယ်များသည် ပါတီအချိုးကျကိုယ်စားလှယ်များအတွက် သတ်မှတ်ခြင်းဖြစ်သဖြင့် FPTP မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလများရရှိသော ခိုင်လုံမဲများကို PR မဲဆန္ဒနယ်တွင် ထည့်သွင်းတွက်ချက်ခြင်း မပြုကြောင်း သိရှိထားရန်လိုပါသည်။ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအနေဖြင့် လွှတ်တော်သုံးရပ်စလုံးအတွက် FPTP မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် အခွင့်အရေးရှိမည် ဖြစ်ပါသည်။

**ကိုယ်စားလှယ်လောင်း ဦးစားပေး**
**အစဉ်လိုက်အမည်စာရင်းဆိုသည်မှာ**

PR မဲဆန္ဒနယ် တစ်နယ်ချင်းစီအတွက် ပါတီဌာနချုပ်က ကိုယ်စားလှယ်လောင်းဦးစားပေးအစဉ်လိုက် အမည်စာရင်းကို ကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ နည်းဥပဒေ ၁၈ အရ ပုံစံ (၆-၁) မူရင်းဖြင့် တင်ပြရပါမည်။ Closed List PR စနစ်အရ ဖြစ်ပါသည်။ ထိုအမည်စာရင်းသည် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာမည့် လွှတ်တော်သက်တမ်းအတွင်း အသက်ဝင်နေမည်ဖြစ်သည်။ PR မဲဆန္ဒနယ်တွင် ပါတီတစ်ခုမှ ရွေးကောက်တင်မြှောက်ခံထားရသည့် ကိုယ်စားလှယ် အကြောင်းတစ်စုံတစ်ရာကြောင့် လစ်လပ်ပါက ထိုအမည်စာရင်းပါ ဦးစားပေးအစီအစဉ်အတိုင်း အစဉ်လိုက် အစားထိုးဖြည့်စွက်ပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် သတ်မှတ်ကြေညာပေးရမည့် လုပ်ထုံးလုပ်နည်းအရ ဖြစ်ပါသည်။ အထူးသတိပြုရန်မှာ ထိုအမည်စာရင်းတွင် ကျန်ရှိနေသော လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် လွှတ်တော်ကိုယ်စားလှယ်လောင်းအရည်အချင်း မပျက်ယွင်းရန် လိုအပ်ပါသည်။

**အမည်စာရင်းတင်သွင်းလွှာရုပ်သိမ်းခြင်း**

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာရုပ်သိမ်းလိုပါက FPTP မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်လောင်းက ပုံစံ (၉) ဖြင့် လည်းကောင်း၊ PR မဲဆန္ဒနယ်အတွက် သက်ဆိုင်ရာပါတီက ပုံစံ (၉-က) ဖြင့်လည်းကောင်း အမည်စာရင်းတင်သွင်းခဲ့သည့် ကော်မရှင်အဖွဲ့ခွဲသို့ ၁၂-၉-၂၀၂၅ ရက်နေ့အတွင်း တင်ပြရပါမည်။ ထိုနေ့ကျော်လွန်ပါက ရုပ်သိမ်းခွင့်မရှိတော့ပါ။ PR မဲဆန္ဒနယ်အတွက် အမည်စာရင်းတင်သွင်းလွှာရုပ်သိမ်းခြင်းဖြစ်ပါက သက်ဆိုင်ရာပါတီက အစားထိုး ပြန်လည်တင်သွင်းခြင်းကို ၁၃-၉-၂၀၂၅ ရက်နေ့မှ ၁၈-၉-၂၀၂၅ ရက်နေ့အတွင်း ဆောင်ရွက်ရပါမည်။

**အမည်စာရင်းတင်သွင်းလွှာစိစစ်ခြင်း**

သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက အမည်စာရင်းတင်သွင်းလွှာများ စိစစ်ခြင်းကို ၁၈-၉-၂၀၂၅ ရက်နေ့မှ ၄-၁၀-၂၀၂၅ ရက်နေ့အတွင်း ဆောင်ရွက်ပါမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများက မိမိ၏အမည်စာရင်းတင်သွင်းလွှာ စိစစ်မည့်နေ့ရက်ကို အမည်စာရင်းတင်သွင်းခဲ့သည့် ကော်မရှင်အဖွဲ့ခွဲတွင် စုံစမ်းထားရန် လိုအပ်ပါသည်။ ကော်မရှင်အဖွဲ့ခွဲကလည်း အသိပေးကြေညာထားမည် ဖြစ်ပါသည်။ စိစစ်ရန်သတ်မှတ်ထားသည့် နေ့ရက်၊ အချိန်နှင့်နေရာသို့ အောက်ပါပုဂ္ဂိုလ်များ လာရောက်ခွင့်ရှိပါသည်-

(က) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊
(ခ) သက်ဆိုင်ရာ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊
(ဂ) လွှတ်တော် ကိုယ်စားလှယ်လောင်းအသီးသီးက ဤကိစ္စအလို့ငှာစာဖြင့် တာဝန်လွှဲအပ်ထားသူ၊
(ဃ) ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲကို ကူညီရန်အတွက် ယင်းအဖွဲ့ခွဲက တာဝန်ပေးအပ်ခြင်းခံရသူများ၊
(င) သက်ဆိုင်ရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ။

အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ချိန်တွင် ကော်မရှင်အဖွဲ့ခွဲက စိစစ်တွေ့ရှိ၍ဖြစ်စေ၊ ယှဉ်ပြိုင်အရွေးခံသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးကဖြစ်စေ၊ လုံလောက်သော အထောက်အထားတင်ပြ၍ ကန့်ကွက်ပါက ကန့်ကွက်ချက်ကို စုံစမ်းစစ်ဆေးရသည်။ မှန်ကန်ကြောင်း ခိုင်လုံသောအထောက်အထား စစ်ဆေးတွေ့ရှိရပါက အမည်စာရင်းတင်သွင်းလွှာ အပယ်ခံရနိုင်ပါသည်။

ကော်မရှင်အဖွဲ့ခွဲသည် သတ်မှတ်ထားသောနေ့တွင် အမည်စာရင်းတင်သွင်းလွှာစိစစ်ခြင်းကို ပြီးပြတ်အောင် ဆောင်ရွက်ရပါသည်။ ကန့်ကွက်ချက်ရှိလျှင် ထိုကန့်ကွက်ချက်အပေါ် စုံစမ်းစစ်ဆေးခြင်းနှင့် အမိန့်ချမှတ်ခြင်းကို ခုနစ်ရက်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရသည်။

**အယူခံဝင်ခြင်း**

လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ခွဲ၏ အမိန့်ကို မကျေနပ်လျှင် အမိန့်ချမှတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အယူခံနိုင်သည်။ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များအတွက်ဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အယူခံတင်သွင်းရပါမည်။ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်နှင့် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်အတွက်ဖြစ်ပါက ကော်မရှင်သို့ အယူခံတင်သွင်းရပါမည်။ အယူခံလွှာများကို လိုအပ်သလို စိစစ်ပြီး အယူခံလွှာရရှိသည့်ရက်မှ ခုနစ်ရက်အတွင်း သင့်လျော်သောအမိန့်ကို ချမှတ်ရမည်ဖြစ်ပါသည်။

**ကိုယ်စားလှယ်လောင်းအမည်စာရင်း**
**ကြေညာခြင်း**

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ စိစစ်ပြီးပါက ကော်မရှင်က သတ်မှတ်သည့်နေ့ရက်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းကြေညာချက်ကို *စာမျက်နှာ ၁၂ သို့*

## (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ကျောက်ဆည် စက်တင်ဘာ ၇**

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့၌ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၉ နာရီက ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းသည်။



စုပေါင်း သွေးလှူဒါန်းပွဲသို့ ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး အေးမြင့်နိုင် အနီးကပ်ကြီးကြပ်မှုဖြင့် ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး နှင့် မြို့နယ်သုံးမြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းပြီး အရာရှိ သုံးဦး၊ အခြားအဆင့် ၁၈ ဦး စာရေး ဝန်ထမ်းတစ်ဦးနှင့် အမှတ်(၁၀) သတင်းတပ်ဖွဲ့ခွဲ၊ သတင်းတပ်ဖွဲ့စု(ကျောက်ဆည်)မှ အခြားအဆင့် တပ်ဖွဲ့ဝင် တစ်ဦး စုစုပေါင်း ၂၃ ဦး စုပေါင်းသွေးလှူဒါန်းခဲ့ရာ အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာတင်လှနှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ပြီး သွေးလှူရှင်များအားအင် ပြန်လည်ပြည့်ဖြိုးရေးအတွက် နို့အေး၊ ကြက်ဥ၊ ငှက်ပျောသီး၊ ရိုင်ရယ်ဒီအချိုရည်နှင့် ခေတ်ဆား များ ပေးဝေခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကျွန်းလှမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကျွန်းလှ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၇ နာရီက သီတဂူဗုဒ္ဓတက္ကသိုလ် (ကျွန်းလှ)၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ကျွန်းလှမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမျိုး ကြီးကြပ်ပြီး မြို့မရဲစခန်းမှူး ဒုတိယရဲမှူးသန်းမင်းထွန်းဦးဆောင်သော အရာရှိနှင့် အခြားအဆင့် တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ စုစုပေါင်းအင်အား ၂၅ ဦးတို့က သီတဂူဗုဒ္ဓတက္ကသိုလ်(ကျွန်းလှ)ဝင်းအတွင်းရှိ အမှိုက်များ၊ မြက်ရိုင်းများ၊ ချုံနွယ်များ၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း စုပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**



## ကျောက်ပန်းတောင်းမြို့နယ်၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**ကျောက်ပန်းတောင်း စက်တင်ဘာ ၇**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၇ ရက်က မြို့နယ်ပြည်သူ့ဆေးရုံကြီး ခေတ်ခွဲခန်းအဆောင်၌ ပြုလုပ်သည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် ကျောက်ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်းနှင့် စခန်းခွဲအသီးသီးတို့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် ၁၂ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ထူးမြတ်နှင့် ကျန်းမာရေးဝန်ထမ်းများက သွေးလှူဒါန်းနေသူများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနိုင်ဝင်းထွန်း၊ မြို့မစခန်းမှူး ဒုတိယရဲမှူး ကျော်ဇင်ထွေးတို့က ကြည့်ရှုအားပေးကြပြီး အားဖြည့်အာဟာရများနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။ **နေအောင်(ပြန်/ဆက်)**



(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၅ ရက်၌ ရေကြောင်းရဲတပ်ဖွဲ့စု(ပုသိမ်)မှ တပ်ဖွဲ့စုမှူး ယာယီဒုတိယရဲမှူးကြီးဇော်မိုးလွင် ဦးဆောင်သော တပ်ဖွဲ့ဝင်များက ပုသိမ်မြို့ အမှတ်(၆)ရပ်ကွက် ကန်လှဘုန်းကြီးကျောင်းတိုက်ဝင်းအတွင်းရှိ စေတီ၊ ပုထိုးများတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ ခရိုင် (ပြန်/ဆက်)

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

*စာမျက်နှာ ၁၁ မှ*

FPTP မဲဆန္ဒနယ်များအတွက် ပုံစံ (၁၀)တွင် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို အက္ခရာစဉ်အလိုက် ပြုစု၍လည်းကောင်း၊ PR မဲဆန္ဒနယ်များအတွက် ပုံစံ (၁၀-က) တွင် ပါတီအမည်နှင့် ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းအမည်တို့ကို အက္ခရာစဉ်အလိုက်ပြုစု၍ လည်းကောင်း ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ကြေညာပေးသွားမည် ဖြစ်ပါသည်။ FPTP ကိုယ်စားလှယ်လောင်းကိုသာ မဲပေးရသည့်စနစ်ဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းကြေညာချက်ပုံစံ (၁၀) တွင် ပါရှိသည့်အစီအစဉ်အတိုင်း ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် အီလက်ထရောနစ်မဲပေးစက်၏ ဆန္ဒပြုစက် (Ballot Unit) တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်ဆန္ဒမဲပေးခြင်းဖြစ်စေ၊ မဲရုံတွင် အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းဖြစ်စေ မဲဆန္ဒရှင်က နှစ်သက်ရာကိုယ်စားလှယ်လောင်းကို တစ်ကြိမ်သာ ဆန္ဒပြုမဲပေးရမည်ဖြစ်ပါသည်။

### နိဂုံး

သို့ဖြစ်ပါ၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံရမည့်အပြင် အရည်အချင်းပျက်ယွင်းသူမဖြစ်ရန် လိုပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ဥပဒေအရဆောင်ရွက်ရမည့် တာဝန်များရှိသလို ဥပဒေကပေးအပ်ထားသည့် အခွင့်အရေးများလည်း ရှိပါသည်။ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲအတွက် အမည်စာရင်းတင်သွင်းခြင်း လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို သိရှိနားလည်ထားရန်လည်း လိုအပ်ပါသည်။ ရွေးကောက်ပွဲကြီး အဆင်ပြေ ချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် အထောက်အကူပြုနိုင်ရန် လေ့လာမိသမျှ ရေးသားတင်ပြလိုက်ရပါသည်။ ။

### တိုင်းဒေသကြီး/ပြည်နယ်အလိုက် မဲဆန္ဒနယ်နှင့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်စာရင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ပြည်သူ့လွှတ်တော် | | အမျိုးသားလွှတ်တော် | | | | တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | FPTP မဲဆန္ဒနယ် | ကိုယ်စားလှယ်ဦးရေ | FPTP မဲဆန္ဒနယ် | ကိုယ်စားလှယ်ဦးရေ | PR မဲဆန္ဒနယ် | ကိုယ်စားလှယ်ဦးရေ | FPTP မဲဆန္ဒနယ် | ကိုယ်စားလှယ်ဦးရေ | PR မဲဆန္ဒနယ် | ကိုယ်စားလှယ်ဦးရေ | တိုင်းရင်းသားလူမျိုး FPTP မဲဆန္ဒနယ် | တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်ဦးရေ | |
| ၁ | ကချင် | ၁၈ | ၁၈ | ၆ | ၆ | ၂ | ၆ | ၁၈ | ၁၈ | ၂ | ၁၈ | ၄ | ၄ | |
| ၂ | ကယား | ၇ | ၇ | ၆ | ၆ | ၁ | ၆ | ၇ | ၇ | ၁ | ၇ | ၁ | ၁ | |
| ၃ | ကရင် | ၇ | ၇ | ၆ | ၆ | ၁ | ၆ | ၇ | ၇ | ၁ | ၇ | ၃ | ၃ | |
| ၄ | ချင်း | ၉ | ၉ | ၆ | ၆ | ၁ | ၆ | ၉ | ၉ | ၁ | ၉ | | | |
| ၅ | စစ်ကိုင်း | ၃၇ | ၃၇ | ၆ | ၆ | ၂ | ၆ | ၃၇ | ၃၇ | ၃ | ၃၇ | ၂ | ၂ | |
| ၆ | တနင်္သာရီ | ၁၀ | ၁၀ | ၆ | ၆ | ၁ | ၆ | ၁၀ | ၁၀ | ၁ | ၁၀ | ၁ | ၁ | |
| ၇ | ပဲခူး | ၂၈ | ၂၈ | ၆ | ၆ | ၂ | ၆ | ၂၈ | ၂၈ | ၅ | ၂၈ | ၁ | ၁ | |
| ၈ | မကွေး | ၂၅ | ၂၅ | ၆ | ၆ | ၂ | ၆ | ၂၅ | ၂၅ | ၄ | ၂၅ | ၁ | ၁ | |
| ၉ | မန္တလေး | ၃၆ | ၃၆ | ၆ | ၆ | ၃ | ၆ | ၂၈ | ၂၈ | ၅ | ၂၈ | ၁ | ၁ | |
| ၁၀ | မွန် | ၁၀ | ၁၀ | ၆ | ၆ | ၁ | ၆ | ၁၀ | ၁၀ | ၁ | ၁၀ | ၃ | ၃ | |
| ၁၁ | ရခိုင် | ၁၇ | ၁၇ | ၆ | ၆ | ၂ | ၆ | ၁၇ | ၁၇ | ၂ | ၁၇ | ၁ | ၁ | |
| ၁၂ | ရန်ကုန် | ၄၅ | ၄၅ | ၆ | ၆ | ၃ | ၆ | ၄၅ | ၄၅ | ၆ | ၄၅ | ၂ | ၂ | |
| ၁၃ | ရှမ်း | ၅၅ | ၅၅ | ၆ | ၆ | ၃ | ၆ | ၅၅ | ၅၅ | ၆ | ၅၅ | ၇ | ၇ | |
| ၁၄ | ဧရာဝတီ | ၂၆ | ၂၆ | ၆ | ၆ | ၂ | ၆ | ၂၆ | ၂၆ | ၄ | ၂၆ | ၂ | ၂ | |
| | စုစုပေါင်း | ၃၃၀ | ၃၃၀ | ၈၄ | ၈၄ | ၂၆ | ၈၄ | ၃၂၂ | ၃၂၂ | ၄၂ | ၃၂၂ | ၂၉ | ၂၉ | |

**မှတ်ချက်။** ပြည်သူ့လွှတ်တော် FPTP မဲဆန္ဒနယ် ၃၃၀ နယ်၊ အမျိုးသားလွှတ်တော် FPTP မဲဆန္ဒနယ် ၈၄ နယ်နှင့် PR မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် FPTP မဲဆန္ဒနယ် ၃၂၂ နယ်၊ PR မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းရင်းသားလူမျိုး FPTP မဲဆန္ဒနယ် ၂၉ နယ် စုစုပေါင်း မဲဆန္ဒနယ် ၈၃၃ နယ်၊ လွှတ်တော်ကိုယ်စားလှယ် ၁၁၇၁ ဦး။

# စစ်တောင်းမြစ်ရေ မဒေါက်မြို့၌ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

**နေပြည်တော် စက်တင်ဘာ ၇**

ယနေ့မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်နေပြီး နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ




## ၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်

၁။ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
၂။ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
၃။ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
၄။ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

# မှော်ဘီမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွှေမော်ကွန်းကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၀ ပါးနှင့် ဒေသခံပြည်သူ ၁၄၇ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၊ စလုံးရပ်ကွက်ရှိ သံဃာတော် ၆၆ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၂၃ ပါးနှင့် ဒေသခံပြည်သူ ၁၂၃ ဦးတို့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ ဘုံပျံ တောရပုညကာရီကျောင်းတိုက်၌ အခြေပြု၍ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး၌ အခွန်ဆိုင်ရာပညာပေး

**မန္တလေး စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၅) ၏ အခွန်ဆိုင်ရာပညာပေး ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၅ ရက်က ချမ်းမြသာစည်မြို့နယ်ရှိအလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၅) ၌ ကျင်းပသည်။(ယာပုံ)

အဆိုပါ အခွန်ဆိုင်ရာပညာပေး ရှင်းလင်းဆွေးနွေးပွဲတွင် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၅) ဌာနမှူး ညွှန်ကြားရေးမှူး ဦးပိုင်စိုးက အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်အောင်ဆွေက ၂၀၂၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကိုရှင်းလင်းပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ **မောင်ကျော်ကြီး**



# အခွန်အကောက်ဥပဒေပါ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၇**

ပြည်တွင်းအခွန်များ ဦးစီးဌာန၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄)အခွန်ဆိုင်ရာ ရှင်းလင်းပွဲကို စက်တင်ဘာ ၅ ရက်မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း စိမ်းလဲ့မေရိပ်သာ လမ်းသွယ်ရှိ အဆိုပါရုံး၌ ပြုလုပ်သည်။




ရှင်းလင်းပွဲတွင် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄)ဌာနမှူးက အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးက ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးခဲ့ကြသည်။ ရှင်းလင်းပွဲသို့ ကုမ္ပဏီ ၁၀၀ မှ တာဝန်ရှိသူ ၁၂၀ ခန့် တက်ရောက်ခဲ့ကြသည်။ **အာကာစိုး**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် ကွပ်ကဲမှုအောက် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ဝင်စုစုပေါင်း ၁၂၀ တို့က မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ရွှေစာရံဘုရားနှင့် ဘုရားပရိဝုဏ်အတွင်း စက်တင်ဘာ ၇ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ သတင်းစဉ်



(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွှေတောင်မြို့နယ် ရန်ကင်းရှစ်မျက်နှာ ဘုရားဝင်းအတွင်း၌ စက်တင်ဘာ ၇ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်အောင်ဦးဆောင်၍ ရွှေတောင်မြို့မရဲစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်။ ကိုကိုမင်း(ပြန်/ဆက်)

# ညောင်ဦးမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အသိပညာပေး

**ညောင်ဦး စက်တင်ဘာ ၇**

ညောင်ဦးမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်ပတ်သက်၍ ပြည်သူများ သိရှိနားလည်စေရန် အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းများကို ရပ်ကွက်/ကျေးရွာအုပ်စုများနှင့် နယ်မြေခံတပ်နယ်များ၌ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၅ ရက်က ဖျောက်ဆိပ်ပင်ကျေးရွာနှင့်မင်နန်သူကျေးရွာတို့၌ ဆောင်ရွက်ခဲ့သည်။

မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်ယွန်းယွန်းထိုက်က မဲပေးစက်ဆိုင်ရာလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရပ်ကွက်သူ ရပ်ကွက်သားများက စမ်းသပ်မဲပေးကြသည်။ **ဒီပါလင်း**



# အနုထင်ချန်ဗီရာကူလ်အား ထိုင်းဝန်ကြီးချုပ်သစ်အဖြစ် ထိုင်းဘုရင်မင်းမြတ် ထောက်ခံအတည်ပြု

**ဗန်ကောက် စက်တင်ဘာ ၇**

ထိုင်းဘုရင်မင်းမြတ် မဟာဗာဂျီရာ လောင်ကွန်းက အနုထင်ချန်ဗီရာကူလ်အား ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် ထောက်ခံအတည်ပြုခဲ့ကြောင်း အောက်လွှတ်တော် အထွေထွေအတွင်းရေးမှူး အာ့ပတ်သ် ဆူခါနွတ်သ်က စက်တင်ဘာ ၇ ရက်တွင် ကြေညာသည်။



စက်တင်ဘာ ၅ ရက်ကပြုလုပ်သည့် အောက်လွှတ်တော်မဲခွဲမှုတွင် ထောက်ခံမှုအများစုရရှိခဲ့သည့် အနုထင်ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းဆိုင်ရာ တော်ဝင်အမိန့်ကို ဘွန်ဂျိုင်ထိုင်းပါတီဌာနချုပ်တွင် ပြုလုပ်သည့် အခမ်းအနားတွင် အာပတ်သ်က ဖတ်ကြားခဲ့သည်။

အနုထင်က ဝန်ကြီးချုပ်အဖြစ် ပြည်သူများအား ပထမဆုံး ပြောကြားခဲ့သည့်မိန့်ခွန်းတွင် အစိုးရသစ်သည် တာဝန်များကို ထမ်းဆောင်ရာတွင် အခက်အခဲများစွာရှိသော်လည်း ထိုင်းနိုင်ငံ၏ လက်ရှိအကျပ်အတည်းများကို အမြန်ကျော်လွှားနိုင်ရန် ၎င်း၏အစိုးရသစ်က ကြိုးစားလုပ်ဆောင်သွားမည်ဟု အလေးအနက် ကတိကဝတ်ပြုထားသည်။

ဝန်ကြီးချုပ် အနုထင်အစိုးရအဖွဲ့၏ ရည်မှန်းချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်ဖြစ်ပြီး ဥပဒေအရ ပြဋ္ဌာန်းထားသည့် လုပ်ငန်းစဉ်အတိုင်း အခြေခံဥပဒေအသစ် ရေးဆွဲနိုင်ရန် အတားအဆီးများကို ရှင်းလင်းသွားမည်ဟုဆိုကာ ၎င်းတာဝန်ယူပြီးနောက်လေးလအတွင်း လွှတ်တော်ကိုဖျက်သိမ်းရန် ကတိပြုထားကြောင်း ထပ်လောင်းအတည်ပြုခဲ့သည်။

ဝန်ကြီးချုပ်က အစိုးရသည် နိုင်ငံ၏ ကဏ္ဍစုံမှ ပံ့ပိုးကူညီမှုကိုရရှိမည်ဟု ယုံကြည်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး လာမည့်အစိုးရအနေဖြင့် ပြည်သူတို့၏ သာယာဝပြောမှု၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိန်းသိမ်းတည်ဆောက်နိုင်ရန် အားကောင်းသော အခြေခံမှုများချမှတ်ပေးရန် ရည်ရွယ်ကြောင်း ထပ်လောင်းပြောကြားသည်။

ဘွန်ဂျိုင်ထိုင်းပါတီခေါင်းဆောင် အသက် ၅၈ နှစ်အရွယ်ရှိ အနုထင်သည် အစိုးရအဖွဲ့အသီးသီးတွင် ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနတို့ကို တာဝန်ယူကိုင်တွယ်ခဲ့သူလည်း ဖြစ်သည်။

**ဆင်ဟွာ**

---

# အိုင်အေအီးအေနှင့် ပူးပေါင်းဆောင်ရွက်မှု မူဘောင်သစ်အပေါ် သဘောတူညီမှုရရန် အလွန်နီးကပ်လာဟု အီရန်နိုင်ငံခြားရေးဝန်ကြီး ပြော

**တီဟီရန် စက်တင်ဘာ ၇**

အီရန်နိုင်ငံနှင့် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) တို့သည် ပူးပေါင်းဆောင်ရွက်မှု ပြန်လည်စတင်ရေး မူဘောင်သစ် တစ်ရပ်အပေါ် သဘောတူညီမှုရရှိရန် အလွန်နီးကပ်နေပြီဟု အီရန်နိုင်ငံခြားရေးဝန်ကြီး ဆေယက်အဘတ်စ် အာရာဂ်ချီက စက်တင်ဘာ ၆ ရက်တွင် ပြောသည်။

တီဟီရန်မြို့၌ ကျင်းပသည့် ညီလာခံတွင် အီရန်နှင့် ကုလသမဂ္ဂ နျူကလီးယားစောင့်ကြည့်ရေးအဖွဲ့ဖြစ်သည့် အိုင်အေအီးအေတို့အကြား အနာဂတ် ပူးပေါင်းဆောင်ရွက်မှုအပေါ် ယခုလိုမှတ်ချက်ချ ပြောဆိုခဲ့ခြင်းဖြစ်သည်။ ၎င်းသိရှိရသလောက် အီရန်နှင့် အိုင်အေအီးအေတို့အကြား ကောင်းမွန်သည့်ဆွေးနွေးညှိနှိုင်းမှုရှိပြီး ပူးပေါင်းဆောင်ရွက်မှု မူဘောင်သစ်ရရှိရန် အလွန်နီးစပ်နေပြီဟု အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။



အီရန်နိုင်ငံခြားရေးဝန်ကြီး ဆေယက် အဘတ်စ် အာရာဂ်ချီ။

အမေရိကန်နှင့် နျူကလီးယားဆွေးနွေးပွဲ ပြန်လည်စတင်နိုင်ခြေရှိမရှိနှင့်ပတ်သက်၍လည်း စေ့စပ်ညှိနှိုင်းသူများမှတစ်ဆင့် နှစ်နိုင်ငံကြား သတင်းစကားများ ဖလှယ်ခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

ဘုံအကျိုးစီးပွားနှင့် အပြန်အလှန်လေးစားမှုအပေါ် အခြေခံသည့် ဆွေးနွေးညှိနှိုင်းမှုမျိုးအတွက် အမေရိကန်ဘက်မှအသင့်ဖြစ်လာပါက ဆွေးနွေးမှုများ ပြန်လည်စတင်ရန် အသင့်ဖြစ်လာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

အီရန်နှင့် အမေရိကန်တို့သည် ၎င်းတို့၏ (၆)ကြိမ်မြောက် သွယ်ဝိုက်သော နျူကလီးယားဆွေးနွေးပွဲကို ဇွန် ၁၅ ရက်က အိုမန်နိုင်ငံ၌ ပြုလုပ်ရန် စီစဉ်ထားခဲ့သည်။ သို့သော်လည်း ဇွန် ၁၃ ရက်တွင် အစ္စရေးတို့က အီရန်နျူကလီးယား စက်ရုံအချို့ကို ပစ်မှတ်ထား တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် အဆိုပါဆွေးနွေးပွဲကို ဆိုင်းငံ့ထားခဲ့သည်။

**ဆင်ဟွာ**

# ဂျပန်ဝန်ကြီးချုပ်အီရှီဘာ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ရန် စီစဉ်ထားကြောင်း ကြေညာ

**တိုကျို စက်တင်ဘာ ၇**

ဂျပန်ဝန်ကြီးချုပ် အီရှီဘာရှီဂဲရုသည် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ရန် စီစဉ်ထားကြောင်း စက်တင်ဘာ ၇ ရက်တွင် ပြောသည်။



ဂျပန်ဝန်ကြီးချုပ် အီရှီဘာ ရှီဂဲရု။

၎င်း၏အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ လာမည့် ပါတီခေါင်းဆောင် ရွေးချယ်ပွဲတွင်လည်း ပါဝင်တော့မည်မဟုတ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

၎င်း၏ အာဏာရပါတီအတွင်း ရှုပ်ထွေးမှုများကို ထိန်းချုပ်ရန် ကြိုးစားမှုတစ်ရပ်အဖြစ် ဆုံးဖြတ်ချက်ချခြင်း ဖြစ်သည်ဟုလည်း ယူဆရသည်။ ပါတီ၏ စည်းမျဉ်းစည်းကမ်းများအပေါ် အခြေခံ၍ ပါတီဥက္ကဋ္ဌ ရွေးချယ်ပွဲအတွက် လစ်ဘရယ်ဒီမိုကရက်တစ် ပါတီအတွင်းရေးမှူးချုပ် မိုရီယာမာ ဟီရိုရှိက ဆောင်ရွက်သွားမည်ဟုလည်း ၎င်းကဆက်ပြောသည်။

ပါတီဥက္ကဋ္ဌသစ် ရွေးချယ်မှု လုပ်ငန်းစဉ်များ စတင်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အီရှီဘာသည် လွန်ခဲ့သည့် အောက်တိုဘာလအတွင်းမှ စတင်၍ ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့ပြီး ငွေကြေးဖောင်းပွမှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ပါတီကို ပြုပြင်ပြောင်းလဲရန် ကတိပြုခဲ့သည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီသည် နိုင်ငံရေးရန်ပုံငွေရှာဖွေရေး အရှုပ်တော်ပုံများတွင် ဆက်တိုက်ပါဝင်နေသည်။ ဝန်ကြီးချုပ်ဖြစ်လာပြီးနောက် မကြာမီတွင် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီနှင့်၎င်း၏ ညွန့်ပေါင်း မိတ်ဖက်ကိုမေတိုပါတီတို့သည် အောက်လွှတ်တော် ရွေးကောက်ပွဲတွင် နေရာအများစုကို ရှုံးနိမ့်ခဲ့သည်။

အာဏာရ ညွန့်ပေါင်းအဖွဲ့သည် ဇူလိုင်လအတွင်းက ကျင်းပသည့် အထက်လွှတ်တော်ရွေးကောက်ပွဲတွင် အများစုအနိုင်ရရှိခဲ့ခြင်းမရှိချေ။ ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်၍ အီရှီဘာကို တာဝန်ယူရန် တောင်းဆိုမှုများ ကြီးထွားလာသည့်အချိန် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီသည် ပါတီခေါင်းဆောင်ရွေးချယ်သည့်ပွဲကျင်းပရန် ရှိ မရှိ စက်တင်ဘာ ၈ ရက်တွင် ဆုံးဖြတ်မည်ဟု မျှော်လင့်ရသည်။

**အင်န်အိတ်ချ်ကေ**

---

# အာဖဂန်ဒုက္ခသည် တစ်သိန်းကျော် တစ်ပတ်အတွင်း နေရပ်ပြန်လာ

**ကဘူးလ် စက်တင်ဘာ ၇**

ပြီးခဲ့သည့် သီတင်းပတ်အတွင်း အာဖဂန်ဒုက္ခသည် စုစုပေါင်း ၁၀၇၀၃၇ ဦးသည် အိမ်နီးချင်း အီရန်နှင့် ပါကစ္စတန်တို့မှ ၎င်းတို့၏ ဇာတိမြေသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေး ဝန်ကြီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ပြန်လည် ရောက်ရှိလာသူအားလုံးကို စားနပ်ရိက္ခာ၊ သောက်သုံးရေ၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် သက်ဆိုင်ရာမြို့များသို့ အခမဲ့သွားလာရေး အပါအဝင် မရှိမဖြစ်လိုအပ်သော အကူအညီများ ထောက်ပံ့ပေးထားကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ထို့အပြင် ၎င်းတို့၏ ပြန်လည်နေရာချထားရေး လုပ်ငန်းများကို ပံ့ပိုးရန်အတွက် ငွေကြေးအကူအညီ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ သန်းကျော်ကို ပေးအပ်ခဲ့သည်။

ဩဂုတ်လ အစောပိုင်းက ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာအရ ယခုနှစ်အတွင်း ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ အာဖဂန်ဒုက္ခသည် ၂ ဒသမ ၃ သန်းကျော် ပြန်ရောက်လာခဲ့ကြောင်း ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

# ဆူဒန်နိုင်ငံ၌ ရွှေသတ္တုတွင်းပြိုကျမှုကြောင့် ခြောက်ဦးသေဆုံးပြီး ၂၀ ပျောက်ဆုံး

**ခါတွန် စက်တင်ဘာ ၇**

ဆူဒန်နိုင်ငံမြောက်ပိုင်း ရေးဗားနိုင်းပြည်နယ်ရှိ ရိုးရာရွှေတွင်းတစ်ခုပြိုကျမှုဖြစ်ပွားခဲ့ရာ ခြောက်ဦးသေဆုံးပြီး ၂၀ခန့် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းများက စက်တင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဘာဘာမြို့ အနောက်ဘက် အွန်အောက်ဒေသရှိ ရွှေသတ္တုတွင်းတစ်တွင်း စက်တင်ဘာ ၅ ရက်က ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း ဘာဘာမြို့ အမှုဆောင်ဒါရိုက်တာ ဟတ်ဆန်အီဘရာဟင်ကာရာက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အပျက်အစီးများအောက်တွင် ပိတ်မိနေသည်ဟု ယူဆရသူများကို ရှာဖွေရန် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြောင်း ၎င်းက ဆက်ပြောသည်။

ရိုးရာရွှေတူးဖော်မှုမှာ ဆူဒန်နိုင်ငံ၏ စီးပွားရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြီး ခန့်မှန်းခြေ တွင်းလုပ်သား ၁ ဒသမ ၅ သန်းမှာ နိုင်ငံ၏ ရွှေ ၈၀ ရာခိုင်နှုန်းကို တူးဖော်ထုတ်လုပ်ပေးနေသည်။

တရားဝင်ကိန်းဂဏန်းများအရ ၂၀၂၄ ခုနှစ်အတွင်း ရွှေတန်ချိန် ၆၄ တန် ထွက်ရှိခဲ့သည်ဟု သိရသည်။

**ဆင်ဟွာ**

## ညောင်ဦးမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေး Talk Show ဆောင်ရွက်

**ညောင်ဦး စက်တင်ဘာ ၇**
၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင်ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ရည်မွန်သူနှင့် ညောင်ဦးခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်တင့်တင့်အောင်တို့က အသိပညာပေး Talk Show ဆောင်ရွက်သည်။

အဆိုပါ Talk Show အစီအစဉ်တွင် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ အထိမ်းအမှတ် ဆောင်ပုဒ်နှင့် ရည်ရွယ်ချက်၊ အိုဇုန်းလွှာထိန်းသိမ်းရခြင်း အကြောင်းရင်း၊ အိုဇုန်းလွှာပျက်စီးစေသောအကြောင်းရင်း၊ အိုဇုန်းလွှာကာကွယ်ရေးနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊ ရှေ့ဆက်လက် ဆောင်ရွက်သွားမည့်လုပ်ငန်းများစသည်တို့ကိုအသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်စွာဘုရား ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကျင်းပ**

**ညောင်ရွှေ စက်တင်ဘာ ၇**
အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်စွာဘုရား ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်စွာဘုရား ရတနာစံကျောင်းတော်၌ ကျင်းပသည်။

အခမ်းအနားတွင် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရား ဘဏ္ဍာတော်ထိန်းသိမ်းစောင့်ရှောက်ရေးဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများက ဖောင်တော်ဦးရုပ်ရှင်တော်မြတ်စွာဘုရားအား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။

ထို့နောက် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရား ဘဏ္ဍာတော်ထိန်းသိမ်းစောင့်ရှောက်ရေးဂေါပကအဖွဲ့ ဩဝါဒါစရိယရေသာဘုရားကျိန်းကျောင်းဆရာတော် ဘဒ္ဒန္တဝေပုလ္လက ဖောင်တော်ဦးဘုရားဘက်စုံပြုပြင်ရန်အတွက် အလှူငွေ ကျပ်သိန်း ၅၀ လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်လွင်၊ မြို့နယ်ပညာရေးမှူး ဒေါ်နန်းစန္ဒာအောင်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးတင်ကိုကိုနိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် ဌာနဆိုင်ရာဝန်ထမ်းစုစုပေါင်း ၆၈ ဦးတို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

တင်စိုး

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၇**
မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ပြင်ဦးလွင်မြို့နယ်၌ အများပြည်သူ အထင်အမြင်လွဲမှားစေရန်နှင့် အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ တပ်မတော်သားအယောင်ဆောင်ကာ ခြိမ်းခြောက်ပြောဆိုခဲ့သူအား ဖမ်းဆီးအရေးယူ



စိုးဝင်း

**နေပြည်တော် စက်တင်ဘာ ၇**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ စက်တင်ဘာ ၆ ရက်က အများပြည်သူ အထင်အမြင်လွဲမှားစေရန်နှင့် အထိတ်တလန့် ဖြစ်စေရန်ရည်ရွယ်၍ တပ်မတော်သားအယောင်ဆောင်ကာ ခြိမ်းခြောက်ပြောဆိုခဲ့သူအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၅ ရက် နံနက် ၁၁ နာရီတွင် ပြင်ဦးလွင်မြို့ သီဟ Mobile ဖုန်းဆိုင်သို့ ဖုန်းလာရောက်ဝယ်ယူရန် ရောက်ရှိလာသူ အမည်မသိလူငယ်တစ်ဦးက I Phone-13 ဝယ်ယူရန် ဈေးနှုန်းမေးသဖြင့် ဆိုင်ဝန်ထမ်းများက ရှင်းလင်းပြောပြခဲ့ရာ အဆိုပါလူငယ်က ညနေမှ ပြန်လာမည်ဖြစ်ကြောင်း ပြောဆို၍ ပြန်သွားခဲ့ကြောင်း၊ ထိုနေ့ ည ၇ နာရီခွဲခန့်တွင် အဆိုပါလူငယ်သည် အရက်သေစာသောက်စားမူးယစ်ကာ ဖုန်းဆိုင်သို့ ပြန်လည်ရောက်ရှိလာပြီး ဖုန်းများကို ထုတ်ယူကြည့်ရှုကာ ၎င်းလိုချင်သည့်ဖုန်းမှာ I Phone-13 ဖြစ်ပြီး ယခုတွေ့ရှိသည့်ဖုန်းမှာ I Phone-11 Pro Max ဖုန်းဖြစ်နေသဖြင့် မကျေနပ်ကြောင်း ပြောကာ ဆိုင်မှဝန်ထမ်းများအား ၎င်းမှာ တပ်မတော်မှ တပ်ကြပ်ကြီးအဆင့်ရှိ စိုးဝင်းဖြစ်ကြောင်း၊ ဆိုင်တစ်ဆိုင်လုံးအား PDF ဟုပြောဆိုပြီး ဖမ်းခိုင်းမည်ဖြစ်ကြောင်း၊ ယူနီဖောင်းဝတ်ပြီး ပြန်လာမည်ဖြစ်ကြောင်း စသဖြင့် ကြမ်းတမ်းစွာ ခြိမ်းခြောက်ပြောဆို ထွက်ခွာသွားကြောင်း သတင်းရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့သည်။

အထက်ပါဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါလူငယ်အား စုံစမ်းဖော်ထုတ်ခဲ့ရာ ပြင်ဦးလွင်မြို့နယ် မိုးကြိုးပစ်ကျေးရွာ ရပ်ကွက်ကြီး(၂၁)နေ စိုးဝင်း ၂၄ နှစ် (ဘ) ဦးသိန်းအောင် ဆိုသူဖြစ်ကြောင်း စုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး စိုးဝင်းမှာ တပ်မတော်သားတစ်ဦး မဟုတ်ဘဲ တပ်မတော်သားအဖြစ် အယောင်ဆောင်ကာ တပ်မတော်အပေါ် ပြည်သူလူထုအထင်အမြင် လွဲမှားစေရန်ရည်ရွယ်၍ ပြောဆိုခြိမ်းခြောက်ခဲ့ကြောင်း စစ်ဆေးအတည်ပြုပေါ်ပေါက်သဖြင့် အများပြည်သူ အထင်အမြင်လွဲမှားစေရန်နှင့် အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်၍ တပ်မတော်သားအယောင်ဆောင်ကာ ခြိမ်းခြောက်ပြောဆိုခဲ့သူ စိုးဝင်းအား ပြင်ဦးလွင်မြို့မရဲစခန်း (ပ)၁၈၅/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅- က/၁၇၀ ဖြင့် အမှုဖွင့်အရေးယူထားရှိသည်။

မသမာသူများသည် နိုင်ငံတော်အစိုးရကို အကြည်အညိုပျက်စေရန် ရည်ရွယ်၍ ပြစ်မှုကျူးလွန်ရာ၌ တပ်မတော်/ဌာနဆိုင်ရာဝန်ထမ်းများ အယောင်ဆောင်ကာ ပြည်သူလူထုအား ခြိမ်းခြောက်၊ အနိုင်ကျင့်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ဖော်ပြပါဖြစ်စဉ်အတိုင်း မသင်္ကာဖွယ်ဆောင်ရွက်သူများတွေ့ရှိပါက အနီးဆုံးသက်ဆိုင်ရာတာဝန်ရှိသူများနှင့် ရဲစခန်းများသို့ အချိန်မီသတင်းပို့တိုင်ကြားနိုင်ပါကြောင်းသတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M-9 တွင် Development Project Phase 1E အရ အသစ်တည်ဆောက်မည့် ပလက်ဖောင်း(၄)ခု တပ်ဆင်ခြင်းနှင့် ရေအောက်ပိုက်လိုင်း ဆက်သွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော No.1 Point ZWP 16 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၂၀.၁၅၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၂၇.၃၈၄၁ စက္ကန့်၊ Point ZWP 12 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၅၂.၇၂၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆ မိနစ် ၄၃.၅၄၃၅ စက္ကန့်၊ No.2 Point ZWP 17 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၀၄.၈၃၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၃၉.၇၇၄၈ စက္ကန့်၊ ZWP 13 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉မိနစ် ၀၇.၈၃၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၉ မိနစ် ၂၂.၈၂၇၈ စက္ကန့်၊ No.3 ZWP 18 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၇ မိနစ် ၀၀.၁၆၆၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၀၅.၅၂၁၇ စက္ကန့်၊ ZWP 14 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၅၄.၃၂၀၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၄၅.၄၁၉၀ စက္ကန့်နှင့် Point 4 ZWP 19 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅မိနစ် ၂၄.၁၅၂၈ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၆ မိနစ် ၅၁.၀၀၅၆ စက္ကန့်၊ ZPQ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁မိနစ် ၂၇.၈၁၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၄၄.၂၇၈၆ စက္ကန့် တို့အတွင်းတွင် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့မှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Development Project Phase 1E အရ အသစ်တည်ဆောက်မည့် ပလက်ဖောင်း(၄)ခုတပ်ဆင်ခြင်းနှင့် ရေအောက်ပိုက်လိုင်း ဆက်သွယ်ရေးလုပ်ငန်းများကို Heavy Lift Vessel, “HUA TIAN LONG”၊ Pipe Lay Barge, “HUI ZHONG 301” နှင့် Dive Support Vessel “HUA XIANG LONG” ရေယာဉ်တို့ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ (၄) ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန်အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

## ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများ၌ မဲပေးစက်ဆိုင်ရာ အသိပညာပေး

**ပုသိမ်ကြီး စက်တင်ဘာ ၇**



မန္တလေးတိုင်း ဒေသကြီးအတွင်း မြန်မာအီလက်ထရောနစ် မဲပေးစက်အကြောင်း အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ် မဲပေးခြင်းကို စက်တင်ဘာ ၄ ရက်က ပုသိမ်ကြီးမြို့နယ် နန်းဦးလွင် ကျေးရွာအုပ်စု ဘူးကုန်းကျေးရွာရှိ အားသစ်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေက ကျေးရွာများမှ ဒေသခံပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာများကို အသိပေးပြောကြားပြီး ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက မဲပေးစက်အကြောင်းကို လက်တွေ့ ရှင်းလင်းပြသကာ ပြည်သူများ လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ နန်းဦးလွင်ကျေးရွာ၊ ကြာနီကန်ကျေးရွာ၊ ပုသိမ်လေးကျေးရွာ၊ နေရဥ္စယျကျေးရွာ၊ မနောယျမကျေးရွာတို့မှ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။ အလားတူ သမ္မတောကျေးရွာတွင်လည်း ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တာချီလိတ်မြို့၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေး

**တာချီလိတ် စက်တင်ဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနက ၂၀၂၅ ခုနှစ် ပြည်ထောင်စု အခွန်အကောက် ဥပဒေအပါအဝင် ပြည်တွင်းအခွန်များဦးစီးဌာနက စည်းကြပ်ကောက်ခံလျက်ရှိသည့် အခွန်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၃ ရက်က ခရိုင်နှင့် မြို့နယ် စုပေါင်းရုံးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ အခွန်ထမ်းပြည်သူ ၃၅ ဦး တက်ရောက်ပြီး ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဘောမြာက အခွန်ဆိုင်ရာ သိသင့် သိထိုက်သည်များနှင့် ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြီး အခွန်ထမ်းပြည်သူများ သိလိုသည့် မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။



**သန်းဇော်(တာချီလိတ်)**

## ဒေးဒရဲမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ဒေးဒရဲ စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူပေါင်း၍ မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ ဗလငါးတန်ပြည့်စုံပြီး အသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို စက်တင်ဘာ ၄ ရက်က ဂုံမင်းကွင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးရုံးက လက်ထောက်ပညာရေးမှူး ဦးအောင်ကျော်ထူးက အခြေခံပညာကျောင်းများမှ ထူးချွန်ထက်မြက်သည့် လူငယ်များပေါ်ထွက်လာစေရေးအတွက် ရှင်းလင်းပြောကြားပြီး လူငယ်စကားဝိုင်းကျင်းပရာ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ဦးဆောင်ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူ လေးဦးက လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့်အားကစား စသည့် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည့် မေးမြန်းချက်များကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**အေဇာလင်း**

## ကံမမြို့နယ်၌ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု လျှော့နည်းစေရေး အသိပညာပေး

**ကံမ စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု လျှော့နည်းစေရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ကျွန်းကလေးကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းကိုနိုင်က မီးခိုးမြူငွေ့အန္တရာယ်အကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားသည်။

**လက်ကမ်းစာစောင်များ ဖြန့်ဝေ**

ဆက်လက်၍ သရက်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်ဖြိုးအောင်နှင့် ကံမမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သန့်ဇင်တို့က မီးခိုးမြူငွေ့ လျှော့ချခြင်း၊ စနစ်တကျအမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်း နည်းလမ်းများ ဆောင်ရန် ရှောင်ရန်စသည့် အသိပညာ ဗဟုသုတများကို ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**နော်လူး**

## သရက်မြို့နယ် မုဥ္ဇလီကျေးရွာ၌ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေး

**သရက် စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် မုံ့ဥ္ဇလီကျေးရွာ၌ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေးအခမ်းအနားကို



စက်တင်ဘာ ၄ ရက်က သရက်မြို့နယ် မုံ့ဥ္ဇလီကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံအတွင်း၌ ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်၊ မြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူ ၇၀ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးငွေဆန်းက အမှာစကားပြောကြားပြီး ဆီထွက်ဇုန်(၂) တာဝန်ခံ ဦးသိန်းနိုင်ဝင်းက မြေပဲ၊ နှမ်း၊ နေကြာ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး(မျိုး၊ မြေ၊ ရေ)နည်းဖြင့်ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် AI နည်းပညာဖြင့် စိုက်ပျိုးနည်းပညာများ ရယူခြင်း၊ အသုံးပြုခြင်းများ ရှင်းလင်းခြင်းကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ် ဦးစီးမှူးနှင့် ခရိုင်အဆင့် မြေ၊ မျိုး ပိုးတာဝန်ခံများက မိမိတို့ဆောင်ရွက်ရမည့် နည်းလမ်းများကို ပညာပေးဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ဝိုင်းကျင်းပ

**တောင်တွင်းကြီး စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ စက်တင်ဘာ ၄ ရက်က စာဖတ်ဝိုင်း ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က စာအုပ်စာပေများကို လေ့လာဖတ်ရှုမှတ်သားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး စာဖတ်ဝိုင်းကိုကျင်းပရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက "သင်သိတာကို မျှဝေပါ"၊ "စိတ်ထားမှန်မှ ထိုက်တန်တဲ့အကျိုးခံစားရမယ်"၊ "အောင်မြင်မှုကို သာယာနေရင်ကျရှုံးမှာပဲ"၊ "ပျော်ရွှင်မှုရချင်ရင်"၊ "ပျော်ရွှင်မှုဆိုတာ" စသည့် ဆောင်းပါးများကို ဖတ်ကြားခဲ့ပြီး ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။

**နောင်နောင် (ဗိဿနိုးမြေ)**



## သန်လျင်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်မဲပေး

**သန်လျင် စက်တင်ဘာ ၇**

သန်လျင်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို စက်တင်ဘာ ၃ ရက်က အောင်ချမ်းသာရပ်ကွက် သီရိအောင်မြေဓမ္မာရုံနှင့် ဒါရ်ဂါရပ်ကွက်တို့မှ မဲဆန္ဒရှင်ပြည်သူ ၂၅၀၀ ကျော်အား လက်တွေ့စမ်းသပ်အသိပညာပေးခြင်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် မြို့နယ်ကော်မတီဝင်များ၊ မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



## ကိုကိုးကျွန်းမြို့နယ်၌ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ ပြဇာတ်တိုပြိုင်ပွဲ ကျင်းပ

**ကိုကိုးကျွန်း စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ စက်တင်ဘာ ၄ ရက်က လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေး ပြဇာတ်တိုပြိုင်ပွဲ ကျင်းပသည်။

ဦးစွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာလှိုင်က လူကုန်ကူးခံရသည့် အဓိကအကြောင်းရင်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အဖွဲ့ဝင် ၁၀ ဦးပါဝင်သော အဖွဲ့သုံးဖွဲ့တို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါအသိပညာပေးပြိုင်ပွဲတွင် လူပွဲစားက နေရာအနှံ့အပြားတွင် လူငယ်လူရွယ်များအား လိုက်လံစည်းရုံးခြင်း၊ တစ်ဖက်နိုင်ငံသို့ မရောက်ဘဲ လိင်ကိစ္စအမြတ်ထုတ်ခံရပြီး မိမိနိုင်ငံသို့ ဒုက္ခမျိုးစုံရောက်ပြီး ပြန်ရောက်လာခြင်း စသည့်အကြောင်းအရာများကို ပေါ်လွင်အောင် အသိပညာပေး ကပြယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ထွန်းဇော်(ပြန်/ဆက်)**

# ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲများ ကျင်းပ

**သဲကုန်း**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို စက်တင်ဘာ ၆ ရက်က အခြေခံပညာအထက်တန်းကျောင်း (သဲကုန်း)၌ ကျင်းပရာ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိ ဆရာ ဆရာမများက ကြီးကြပ်၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ၂၂ ဦး၊ အလယ်တန်းအဆင့် ၃၁ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၃ ဦးက စာစီစာကုံးတွင် ဆရာ့ဂုဏ်ရည်၊ မြတ်ဆရာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာတွင် ပညာပြည့်ဝ နှလုံးလှ၊ ထာဝရအလင်းရှင် ခေါင်းစဉ်များဖြင့် လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **မြို့နယ်(ပြန်/ဆက်)**





**စေတုတ္တရာ**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့၌ အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခြေခံပညာ အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို စက်တင်ဘာ ၆ ရက်က အထက စေတုတ္တရာကျောင်းတွင် ကျင်းပရာ စာစီစာကုံးပြိုင်ပွဲ အထက်တန်းအဆင့်တွင် ဆရာ့ဂုဏ်ရည်ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ သုံးဦး၊ အလယ်တန်းအဆင့်တွင် မြတ်ဆရာခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၁ ဦးနှင့် ကဗျာပြိုင်ပွဲအထက်တန်းအဆင့်တွင် ပညာ ပြည့်ဝနှလုံးလှခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ သုံးဦး၊ အလယ်တန်းအဆင့်တွင် ထာဝရအလင်းရှင်ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၁ ဦး ဖြေဆိုယှဉ်ပြိုင်ကြသည်။

**ဆန်းကိုကို(ပြန်/ဆက်)**

**ချမ်းအေးသာစံ**

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲကို



ချမ်းအေးသာစံမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ စက်တင်ဘာ ၆ ရက်က ကျင်းပရာ စာစီစာကုံးပြိုင်ပွဲ အထက်တန်းအဆင့်အနေဖြင့် ဆရာ့ဂုဏ်ရည် ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၂၄ ဦး၊ အလယ်တန်းအဆင့်အတွက် မြတ်ဆရာ ခေါင်းစဉ် ဖြင့် ကျောင်းသား ကျောင်းသူ ၂၂ ဦး စုစုပေါင်း ကျောင်းသား ၄၆ ဦး ဖြေဆိုခဲ့ကြသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**



**မိုင်းရှူး**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်တွင် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲကို စက်တင်ဘာ ၆ ရက်က အခြေခံပညာအထက်တန်းကျောင်း ခရေဆောင်ခန်းမ၌ ကျင်းပရာ အထက်တန်းအဆင့်တွင် ဆရာ့ဂုဏ်ရည်နှင့် ပညာပြည့်ဝနှလုံးလှ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်တွင် မြတ်ဆရာ နှင့် ထာဝရအလင်းရှင်ခေါင်းစဉ်ဖြင့် လည်းကောင်း ကျောင်းသား ကျောင်းသူ ၃၃ ဦး ဝင်ရောက်ဖြေဆို ယှဉ်ပြိုင်ခဲ့ကြသည်။

**သန်းလူ(ပြန်/ဆက်)**

# မြို့နယ်အချို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



**ပုဗ္ဗသီရိ**

(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇေယျာသီရိခရိုင်ရဲတပ်ဖွဲ့မှ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းနိုင်၊ ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရန်နိုင်နှင့် ရဲတပ်ဖွဲ့ဝင်အင်အား ၅၅ ဦးတို့က ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို စက်တင်ဘာ ၆ ရက်က ပုဗ္ဗသီရိမြို့နယ် ခုတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်သည်။ **အောင်ကို(ပုဗ္ဗသီရိ)**



**ဂန့်ဂေါ**

ဂန့်ဂေါမြို့၌ အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများနှင့် တပ်ဖွဲ့မိသားစုဝင်များ စုစုပေါင်း ၁၀၄ ဦးဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို စက်တင်ဘာ ၆ ရက်က ခုတင် (၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်ခဲ့သည်။ **မောင်မျိုးမင်း**

**ကျုံပျော်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် တေဇရပ်ကွက်ရှိ ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၆ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်မောင်လွင်နှင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းကာ ပြည်သူ့ဆေးရုံကြီးရှေ့ရှိ ပေါင်းမြက်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များ သိမ်းဆည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**မော်လမြိုင်**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်ထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်ဌေးနှင့် တပ်ဖွဲ့ဝင်အင်အား ၁၀၀ တို့က စက်တင်ဘာ ၆ ရက်တွင် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပစေရေးအတွက် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ပြုလုပ်ကြသည်။ **ခရိုင်(ပြန်/ဆက်)**





**မုဒုံ**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်ဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များက ကန်ကြီးစေတီတော်မြတ်ကြီး ဘုရားဝင်းအတွင်း၌ စက်တင်ဘာ ၆ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။

**ရာမည(ပြန်/ဆက်)**



**ကျိုက်ထို**


မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦး ဦးဆောင်၍ ခရိုင်ရဲတပ်ဖွဲ့မှ အရာရှိများနှင့် တပ်ဖွဲ့ဝင်အင်အား ၇၀ တို့က ကျိုက်ထိုမြို့ တောင်သူစုရပ်ကွက်ရှိ ကမ္ဘာ့အကြီးဆုံး ထိုင်တော်မူဘုရားကြီး ဘုရားပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ စက်တင်ဘာ ၆ ရက်က ပြုလုပ်ကြသည်။ **ကျိုက်ထို(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

**နေပြည်တော် စက်တင်ဘာ ၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနသည် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေး ကွန်ရက် (Acid Deposition Monitoring Network in East Asia- EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသော မိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေများကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ် ဆောင်ရွက်လျက်ရှိသည်။ ပုံ(၁)

**ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ။**




၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း စခန်း ၃၁ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့သည်။ မိုးရေနမူနာ တိုင်းတာရရှိခဲ့သည့် စခန်း ၃၁ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့သည်။ ပုံ(၂)


မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက် ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၁ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေ မရှိပါကြောင်း တွေ့ရှိရသည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၇.၁ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၇.၁ |
| ၃ | ခန္တီး | ၇.၁ |
| ၄ | လားရှိုး | ၇.၀ |
| ၅ | တောင်ကြီး | ၆.၉ |
| ၆ | မိုင်းဆတ် | ၇.၁ |
| ၇ | ကျိုင်းတုံ | ၆.၅ |
| ၈ | စစ်ကိုင်း | ၇.၂ |
| ၉ | ဟားခါး | ၆.၆ |
| ၁၀ | ညောင်ဦး | ၆.၅ |
| ၁၁ | မုံရွာ | ၆.၅ |
| ၁၂ | ပျဉ်းမနား | ၆.၅ |
| ၁၃ | ပြင်ဦးလွင် | ၇.၂ |
| ၁၄ | ကလေးဝ | ၆.၇ |
| ၁၅ | ရန်ကုန် (ကမ္ဘာအေး) | ၆.၅ |
| ၁၆ | မှော်ဘီ | ၆.၉ |
| ၁၇ | မကွေး | ၆.၆ |
| ၁၈ | အောင်လံ | ၆.၈ |
| ၁၉ | စစ်တွေ | ၇.၀ |
| ၂၀ | ပြည် | ၆.၆ |
| ၂၁ | ပဲခူး | ၆.၉ |
| ၂၂ | တောင်ငူ | ၆.၆ |
| ၂၃ | ပုသိမ် | ၆.၇ |
| ၂၄ | မအူပင် | ၆.၅ |
| ၂၅ | ဟသ်ာတ | ၇.၀ |
| ၂၆ | မော်လမြိုင် | ၇.၁ |
| ၂၇ | ဘီးလင်း | ၆.၇ |
| ၂၈ | ဘားအံ | ၆.၉ |
| ၂၉ | ထားဝယ် | ၆.၉ |
| ၃၀ | မြိတ် | ၆.၈ |
| ၃၁ | ကော့သောင်း | ၆.၇ |

**ပုံ(၂)၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ။**




# ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန် (ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5µg) နှင့်အောက် သေးငယ်သောအမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆-၃-၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် ဩဂုတ်လ ၂၈ ရက်နေ့သည် AQI Range 51–100 အတွင်းတွင်ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate)နှင့် ကျန်ရက်များသည် AQI Range 0–50 အတွင်းတွင်ရှိသောကြောင့် ကောင်းမွန်သောအဆင့် (Good) ဖြစ်ကြောင်း တွေ့ရှိရသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန် (ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဩဂုတ်လအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၃၀ ရက်နှင့် အသင့်အတင့်အဆင့်၌ ၁ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ**




**လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည် အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေးထိခိုက်မှုမျိုး ကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများ ကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကိုအလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင် ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၄ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့ သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်ရှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၇၈ မျိုး၊ လူသုံးကုန်ပစ္စည်း ၂၂ မျိုး၊ စားသောက်ကုန်ပစ္စည်း ၂၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၂၅၆၇၅၅၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Dong Feng Tractor Head နှစ်စီး၊ Cheng Long Tractor Head တစ်စီး၊ Faw Tractor Head တစ်စီး၊ Howo Sino Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ခြောက်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့ ခရဲကမ်းနားကျေးရွာအနီး၌ မော်တော်ယာဉ် ခုနစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၄၈ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၂၄ မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၅၈၉၉၅၂၆)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Hino Ranger Truck တစ်စီး၊ Mitsubishi Fuso Tractor Head နှစ်စီး၊ Hino Profia Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်လေးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့နယ် ဝါးဘိုးတော-ဒုံသမိကားလမ်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၅ မျိုး၊ စားသောက်ကုန်ပစ္စည်း ကိုးမျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၈၁၉၃၁၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၄၀၂၈၆၃၈၆** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စက်တင်ဘာ ၅ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟိုပုံးမြို့နယ်အတွင်း၌ မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ကိုးမျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၀၃၁၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး၊ Canter Truck တစ်စီး၊ Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀) ကိုလည်းကောင်း၊ လွိုင်လင်မြို့နယ် ချိုခမ်းကျေးရွာရှိ နေအိမ်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၂၁၀၀၀၀) ကိုလည်းကောင်း၊ အေးသာယာမြို့ ရပ်ကွက်(၃)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၁ မျိုး၊ လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၂၄၀၀၀၀) ကိုလည်းကောင်း၊ တောင်ကြီးမြို့ ပလီလင်းကျေးရွာ တောင်ကြီးဇလဲသွားကားလမ်းအနီးရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၅၈၅၀၀၀၀) ကိုလည်းကောင်း၊ တောင်ကြီးမြို့ မိုင်းပွန်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၂၇၅၂၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Succed တစ်စီး၊ Toyota Dyna တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၀၀၀၀၀) ကိုလည်းကောင်း၊ တောင်ကြီးမြို့ မြို့အဝင်ဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၃၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Faw Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၀၇၄၃၆၂၀** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စက်တင်ဘာ ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရတနာပုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စားသောက်ကုန်ပစ္စည်း ၃၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၂၀၀၀၀)ကို လည်းကောင်း စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၁၂၀၀၀၀** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စက်တင်ဘာ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ အနောက်မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၁၅၇၇၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး၊ SKAT Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၅၀၀ တန်၊ သစ်မာ ၀ ဒသမ ၉၃၅ တန်၊ အခြားသစ် ၄ ဒသမ ၂၇၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၁၇၈၆၄)ကို သစ်တောဥပဒေ အရလည်းကောင်း စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၆၃၃၆၁၄** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စက်တင်ဘာ ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့ ရန်ကုန်-မန္တလေးအမြန်လမ်းအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၆၂၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၆၃၀၄)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Mitsubishi Delica တစ်စီး၊ Toyota Lightace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၀၀၀၀) စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၄၂၆၃၀၄** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စက်တင်ဘာ ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၃၀၄၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၇၉၈၉၄၉) ကိုလည်းကောင်း၊ ကော့သောင်းမြို့ တော်ဝင်ဆိပ်ကမ်းတံတား၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၂၄၈၈၀၂) ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် ဝမ်လုံရွာရှိ ခြံဝင်းတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၇၄၀၀၀၀) ကိုလည်းကောင်း၊ ရွာငံခရိုင် မြို့ကြီးအနီး၌ မော်တော်ယာဉ် ခုနစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၆၅ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၄၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၃၉၄၈၁၃၉၈) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck သုံးစီး၊ Hino Profia Truck တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Cheng Long Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၄၀၀၀၀၀၀) ကိုလည်းကောင်း၊ မုတ္တမဆိပ်ကမ်း (ရွှေပြည်သာ)၌ ကော့သောင်း မြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၅၃ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၅၀ မျိုး၊ စားသောက်ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၈၂၆၈၈၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် M.V Shwe Kain Nayi ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀၀) ကိုလည်းကောင်း **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၃၀၄၄၈၂၉** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ ၁၃၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၆၅၂၅၄၇၅၃)** ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီထံမှ သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Zawlay” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်းရပ်ကွက်နေ ဇော်မင်းဦး(ခ)အရှည်ကြီးအား ညနေ ၅ နာရီခွဲတွင် ပြည်ကြီးတံခွန် မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် HSE/1150 ယာဉ်လက်ဝယ်ရှိသူ စေတနာမောင်မယ် အခမဲ့လူငယ်လူမှုကူညီရေးအသင်းက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1M/1034 ယာဉ်အမည်ပေါက်သူ ဒေါ်မီမီလေး ၉/မခန(နိုင်)၂၉၃၂၃၂၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မြင်းခြံ)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊ကုန်းဘောင်၁၂လမ်း၊မြေတိုင်းရပ်ကွက်အမှတ်-၆၊မြေကွက်အမှတ်-၈၀၅/က၊ ၁၂၀၀ စတုရန်းပေရှိသော နှစ်(၆၀)ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိအိမ်အပါဝင်အကျိုးခံစားခွင့်တို့ကိုအမည်ပေါက်ပိုင်ဆိုင်သူ **ဒေါ်နီနီဦး(၁၂/တမန(နိုင်)၀၀၈၅၂၈)**ထံမှကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။အထက်ဖော်ပြပါမြေကွက်နှင့်အကျိုးခံစားခွင့်တို့ ရောင်းဝယ်မှုအပေါ် ကန့်ကွက်လိုပါကကျွန်ုပ်ထံသို့ခိုင်လုံသည့်အထောက် အထားများနှင့်တကွ ဤကြော်ငြာပါ သည့်နေ့မှစ၍ (၇)ရက်အတွင်းလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါကမြေကွက် နှင့်အကျိုးခံစားခွင့်တရားဝင်အရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးတင်မောင်ဆွေ
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၅၂)
အမှတ်-၁၈၅၊ ပထမထပ်၊ (ဝဲဘက်အခန်း)၊
၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉ ၅၀၀ ၄၇၇၅

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၂၅၃/မမ/ CE | **တိုင်းအမှတ်(၃)မန္တလေး** တိုင်းအမှတ်(၃) မန္တလေးနယ်မြေ၊ စမုံ-သပြေတောင်းကြား၊ တံတားအမှတ် (၆၉၁)တံတား အသစ် တည်ဆောက်ခြင်း (3x30M + 1 x 21 M ) Span (နှစ်ဆက်လုပ်ငန်း) ဆောင်ရွက်ခြင်းအတွက် QA/QC ဆောင်ရွက်ခြင်းလုပ်ငန်း |
| ၂ | ၂၅၄/မမ/ CE | မြို့ဟောင်း DEMU Depot & Workshop တည်ဆောက်ပြုပြင်ခြင်း နှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း (နှစ်ဆက်လုပ်ငန်း) ဆောင်ရွက်ခြင်းအတွက် QA/QC ဆောင်ရွက်ခြင်းလုပ်ငန်း |
| ၃ | ၂၅၅/မမ/ CE | **တိုင်းအမှတ် (၇) ရန်ကုန်** မလွကုန်းဘူတာယာဒ်ဝန်းအတွင်း အခန်း(၂၀)အပါ ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၅)ထပ်(၄)လုံး (တိုက်အမှတ်-၄)၊(တိုက်အမှတ်-၅)၊ (တိုက်အမှတ်-၆)၊ (တိုက်အမှတ်-၇) တည်ဆောက်ခြင်း၊ RC Pile Foundation ၊(ရေ၊ မီး၊ မိလ္လာ အပါအဝင်) (15755 Sft) နှင့် ဆက်စပ်လုပ်ငန်းများ တည်ဆောက်ခြင်းလုပ်ငန်း (နှစ်ဆက်လုပ်ငန်း)ဆောင်ရွက်ခြင်း အတွက် QA/QC ဆောင်ရွက်ခြင်းလုပ်ငန်း |
| ၄ | ၂၅၆/မမ/ CE | **တိုင်းအမှတ် (၈) မော်လမြိုင်** မော်လမြိုင်ဘူတာသစ်ကြီးတွင် ဝန်ထမ်းအိမ်ရာ (၆) ခန်းတွဲ (၄) ထပ် (၁) လုံး တည်ဆောက်ခြင်း (RC) (ရေ၊ မီး၊ မိလ္လာ ) အပါ နှင့် ဆက်စပ်လုပ်ငန်းများ တည်ဆောက်ခြင်းလုပ်ငန်း (နှစ်ဆက်လုပ်ငန်း၊) ဆောင်ရွက်ခြင်းအတွက် QA/QC ဆောင်ရွက် ခြင်းလုပ်ငန်း |
| ၅ | 12(T)23/MR (ML/NPT)Kyat | ရိုးရိုးတန်းလူစီးတွဲ (၂) တွဲအား ဘက်ထရီတွဲ(Battery Car)အဖြစ် ပြောင်းလဲတည်ဆောက်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၉.၉.၂၀၂၅) နေ့လည် (၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် (၅.၉.၂၀၂၅) ရက်နေ့မှ စတင်၍ ရုံးချိန် အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994



စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဟန်ဝင်းလှိုင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၆ ရက်က ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြစဉ်။

သန်းသန်း(ရေဦး)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 4E/2087 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာစိုး ၁၃/ကမန(နိုင်)၀၆၂၄၈၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 44W/41723 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းထွန်း ၉/မကန(နိုင်)၁၀၂၈၉၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

## ဖခင်အမည်မှန်

မူဆယ်မြို့၊ ကျော် ကိုယ်ပိုင်အထက်တန်းကျောင်း၊ (Grade -10) က မခင်ကြည် (မွေး၊ ၂၂-၁၀-၂၀၁၀) ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုဇယား၆၆/၆အရ ဦးရန်ဇံလှို ၁၃/ကခန(နိုင်)၁၄၆၉၆၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မူဆယ်မြို့၊ ကျော် ကိုယ်ပိုင်အထက်တန်းကျောင်း၊ (Grade -8) က မောင်သန့်ဇင် (မွေး၊၁၀-၃-၂၀၁၂)၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုဇယား၆၆/၆အရ ဦးရန်ဇံလှို ၁၃/ကခန(နိုင်)၁၄၆၉၆၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ အ.ထ.က ချောင်းကြီး၊ Grade-12 မှ မမီမီဇော်၏ ဖခင်အမည်မှန်မှာ ဦးမျိုးအောင် ၁၄/ပတန(နိုင်) ၁၄၈၃၉၀ ဖြစ်ပါကြောင်း။

## မိုးကောင်းမြို့၌ မွေးစမှ အသက်နှစ်နှစ်အောက်ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံ

**မိုးကောင်း စက်တင်ဘာ ၇**

မိုးကောင်းမြို့၌ မိခင်နှင့်ကလေးကျန်းမာရေးဌာနက မွေးစမှ အသက် နှစ်နှစ်အောက် ကလေးငယ်များအား လစဉ်ပုံမှန် ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးပေးခြင်းကို စက်တင်ဘာ ၅ ရက်တွင် အဆိုပါဌာန၌ ဆောင်ရွက်ပေးသည်။



ဘီစီဂျီ၊ အသည်းရောင်အသားဝါ(ဘီ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင် (ပီစီဗီ)၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ဆုံဆို့ - ကြက်ညှာ- မေးခိုင်- အသည်းရောင်အသားဝါ(ဘီ)- ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်၊ ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးများကို မွေးစမှ နှစ်လ၊ လေးလ၊ ခြောက်လ၊ ကိုးလနှင့် တစ်နှစ်ခွဲ ကလေးငယ်များအား အသက်အရွယ်အလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထအကြိမ်အဖြစ် ကာကွယ်ဆေးထိုးခြင်း တိုက်ခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

သန်းလွင်ဦး(ပြန်/ဆက်)

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ချောက်မြို့၌ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

**ချောက် စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ချောက်မြို့၌ မွေးစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းများကို စက်တင်ဘာ ၄ ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ပြုလုပ်ခဲ့သည်။

ထိုသို့ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက် ၁၅ ရပ်ကွက်ရှိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အသက်အရွယ်အပိုင်းအခြားအလိုက် ကာကွယ်ဆေးထိုးနှံပေးရာ စက်တင်ဘာ ၁ ရက်မှ ၄ ရက်အထိ မွေးစမှ တစ်နှစ်ခွဲအောက် ကလေးငယ် ၃၀၃ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၉၆ ဦးတို့နှင့် တစ်နှစ်မှ ငါးနှစ်အထိ ကလေးငယ် ၁၃၁ ဦးအား ဝက်သက်၊ ဂျိုက်သိုးနှင့် ဂျပန်ဦးနှောက်ရောင် အပိုထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)





## ကော့သောင်းမြို့၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများ ကျင်းပ

**ကော့သောင်း စက်တင်ဘာ ၇**

အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ကျောင်းပေါင်းစုံ အလယ်တန်းနှင့်အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲကို ကော့သောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့က ဆောင်ရွက်သည်။

အဆိုပါ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်ပြိုင်ပွဲများကျင်းပရာ၌ အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် မြတ်ဆရာ ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၃၂ ဦး၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆရာ့ဂုဏ်ရည် ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၃၆ ဦး၊ အလယ်တန်းအဆင့်ကဗျာပြိုင်ပွဲ တွင် ထာဝရ အလင်းရှင် ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၂၄ ဦး၊ အထက်တန်းအဆင့်ကဗျာပြိုင်ပွဲတွင် ပညာပြည့်ဝ၊ နှလုံးလှ ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၂၇ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကွန်ဟိန်းမြို့၌ ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေး

**ကွန်ဟိန်း စက်တင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၌ ကိုယ်ဝန်ဆောင်မိခင်များ ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို စက်တင်ဘာ ၅ ရက်က စတင်၍ မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကာကွယ်ဆေးများထိုးနှံပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ပြီး မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များက လာရောက်ထိုးနှံခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၀)၊ ရောဝတီလမ်း၊ မြေကွက်အမှတ် (၉၆၁)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးရွှေ (၁၂/တမန (နိုင်) ၀၉၉၉၀၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးရွှေ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၂၅၂/၂၀၁၂)အရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ခင်မြင့် (၁/မညန (နိုင်) ၀၇၆၄၉၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| ဦးခင်မောင်ဦး | ဦးပြည့်ဖြိုးအောင် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၈၀၉/အိုးဘို)၊ ဦးပိုင်အမှတ်(၁၄/ခ)၊ မြေဧရိယာ(၀ဒသမ၀၄၅)ကေရှိ မြေကွက်အား ဒေါ်ဝင်းမှ လွှန်ခဲ့သော နှစ်(၃၀)ခန့်မှစ၍ နေထိုင်လျက်ရှိသည်မှာ မှန်ကန်ကြောင်းကို (၃–၆–၂၀၂၅)ရက်၌ စစ်ကိုင်းမြို့နယ် တရားရုံးတွင် ကျမ်းကျိန်ဆိုပြီး (၁၈–၆–၂၀၂၅)ရက်တွင် ဒေါ်ဝင်း(ဘ) ဦးကြည်ခင် ၅/စကန(နိုင်) ၀၃၄၁၀၀မှ ဦးဇေယု(ဘ)ဦးတင်နု ၅/စကန (နိုင်) ၁၈၉၉၆၁ သို့ မြေကွက်အရောင်းအဝယ် စာချုပ်ဖြင့် ရောင်းချခဲ့ပြီး စာချုပ်များအား စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံ တင်ရုံး၌ တရားဝင် မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဦးဇေယု အမည်ဖြင့် ပုဂ္ဂလိက မြေငှားဂရန်အသစ် လျှောက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ် သက်ပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မိုးညှင်းမြို့၊ အောင်သပြေရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၂၀/အောင်သပြေ–၅ ၊ ဦးပိုင်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၄ ၊ မြို့မြေ၊ မြေဧရိယာ(၀.၂၉၉) ကေရှိမြေကွက်သည် Revenue Proceedings No.၂၃၅/V/ ခရအ(မညာ) ၂၀၀၇–မိုးညှင်းအရ (၂၂–၂–၂၀၁၆)မှ(၂၂–၂–၂၀၂၆)အထိ ဒေါ်အိမ်ချို သားမောင်တင်ဝင်း အမည်ဖြင့်(၁၀)နှစ်မြေငှားဂရန် ရရှိထားသည့်မြေနေရာဖြစ်ပါသည်။အဆိုပါမြေနေရာအား ဂရန်အမည်ပေါက်ပါဝင်သူ ဒေါ်အိမ်ချိုမှ သားဖြစ်သူ မောင်တင်ဝင်း အား တရားဝင် အိမ်ဝင်းခြံမြေအား စွန့်လွှတ်ခြင်းစာချုပ်ကို ချုပ်ဆိုခဲ့ပြီး ဖြစ်၍ ယခုအခါ အဆိုပါမြေနေရာအား ဦးတင်ဝင်း အမည်ဖြင့် မြေငှားဂရန်အသစ် ပြန်လည်လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍(၁၅)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်သူမရှိပါကလျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ဝင်း(၁/မညန(နိုင်)၀၀၃၀၅၁)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/တောင်)၊ အောင်သစ္စာ(၇)လမ်း၊ မြေကွက်အမှတ်(၇၂၁/က)၊(၂၀ပေX၆၀ပေ)အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ ရေမီးစုံလင်စွာပါရှိသော အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သီရိဟန်မျိုးမော်(၁၃/တကန(နိုင်)၂၄၅၀၇၇)နှင့် ဒေါ်နှင်းနှင်းထွေး(၁၃/ကတန(နိုင်)၁၂၃၀၇၄)အမည်ပေါက်နှစ်ဦးမှ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဌေးဌေးဝင်း(LL.B, D.I.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၃၁၆)**
**အမှတ်(၃၁)ကျောက်မြောင်းဈေးလမ်း၊ဗျိုင်း(ရွာမ)ရပ်ကွက်၊တာမွေမြို့နယ်၊ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၅၀၃၇၅၅၈၊ ၀၉–၇၈၅၀၃၇၅၅၈၊ ၀၉–၆၉၁၈၀၁၅၂၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် (၅၈၁/က)၊ မြေဧရိယာ(၁၂၀၀)စတုရန်းပေ အကျယ်အဝန်းရှိ နှစ် (၆၀) မြေငှားဂရန် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅၈၁/က)သဒ္ဒါလမ်း၊ ၄–ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သော အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ကျော်စိုး (ဘ)ဦးဘိုဟန် (၉/မလန(နိုင်)၀၉၃၀၈၉) အမှတ်(၄၂၂)၊ သစ္စာလမ်း၊ စဉ့်ငူရပ်ကွက်၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အဦ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL) | ဒေါ်ခင်မြတ်သူ(H.G.P,LL.B,D.B.L) |
|---|---|
| တရားလွှတ်တော်ရှေ့နေ၊ စဉ်/၁၆၁၉၆ | တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅ |
| ဖုန်း ၀၉–၅၁၇၁၄၃၃ | ဖုန်း ၀၉–၂၅၄၄၈၈၃၃၀ |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ တပင်ရွှေထီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်–၂/မြို့မကျောင်း၊ ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ(၀.၁၂၄)ကေရှိမြေအား ဦးမြင့်ထွန်းနိုင်မှ အမည်ပြောင်းမြေငှားဂရန်လာရောက်လျှောက်ထားလာပါသောကြောင့် ကန့်ကွက်လိုသူများအနေဖြင့် ခိုင်မာသည့်အထောက်အထားများတင်ပြပြီး ယနေ့မှစ၍(၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ တပင်ရွှေထီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်–၂/မြို့မကျောင်း၊ ဦးပိုင်အမှတ်(၁၅၅)၊ ဧရိယာ(၀.၁၂၄)ကေရှိ မြေအား နော်ဖေါဆိုး၊ ဒေါ်ဆွေလဲ့ဝင်း၊ ဦးအောင်လတ်၊ ဒေါ်ထွယ်ဘောက်၊ ဒေါ်ခင်မျိုးမြတ်တို့မှ မြေငှားဂရန်အသစ် လာရောက်လျှောက်ထားလာပါသောကြောင့် ကန့်ကွက်လိုသူများအနေဖြင့် ခိုင်မာသည့်အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့၊ အမှတ်(၁၉)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်–(၁၉–ခ/ရုံးကြီး)၊ ဦးပိုင်အမှတ်(၁၈–ခ)၊ ဧရိယာ(၀.၀၆၉)ကေအား ဦးအောင်ဖြိုးအံ့ မှ သက်တမ်းတိုး/အမည်ပြောင်း မြေငှားဂရန် လာရောက်လျှောက်ထားလာပါသောကြောင့် ကန့်ကွက်လိုသူများအနေဖြင့် ခိုင်မာသည့် အထောက်အထားများတင်ပြပြီး ယနေ့မှစ၍(၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ စစ်ဆေးရေးဌာန၊ စီမံကိန်းနှင့် အုပ်ချုပ်ရေးဌာနနှင့် ဘဏ္ဍာရေးဌာန၊ ရုံးချုပ် (နေပြည်တော်)တို့တွင် လစ်လပ်လျက်ရှိသော (လစာနှုန်းကျပ် ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) အငယ်တန်းစာရေးရာထူး (၁၃)နေရာအတွက် အောက်ဖော်ပြပါသတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) လျှောက်လွှာပိတ်သည့် ၁၃.၁၀.၂၀၂၅ ရက်နေ့၌ အသက်(၃၀)နှစ် (ဝန်ထမ်းဖြစ်ပါက (၃၅)နှစ်ထက် မကျော်လွန်သူ) ဖြစ်ရမည်၊
(ဂ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်၊
(ဃ) စစ်ဆေးရေးဌာနနှင့် စီမံကိန်းနှင့်အုပ်ချုပ်ရေးဌာနတို့အတွက် အင်္ဂလိပ်စာ၊ကွန်ပျူတာဘာသာရပ်များတွင်အခြေခံတတ်ကျွမ်းသူများကိုလည်းကောင်း၊ ဘဏ္ဍာရေးဌာနအတွက် စီးပွားရေးတက္ကသိုလ်ဘွဲ့ရ(သို့မဟုတ်) စီးပွားရေးဘွဲ့ရ(အဝေးသင်) ရရှိသူများကိုလည်းကောင်း ဦးစားပေးခန့်ထားပေးပါမည်။

၂။ ကိုယ်ရေးလျှောက်လွှာတွင် မိဘအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်များကို ပြည့်စုံစွာဖော်ပြပေးခြင်းနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်–

(က) တစ်လအတွင်း ရိုက်ကူးထားသော (၁" x ၁.၂၅")အရွယ် ကာလာဓါတ်ပုံ(၃)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ သက်တမ်းရှိအလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
(ဂ) တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူနှင့် အခြားဘာသာရပ်ဆိုင်ရာ တတ်မြောက်ကြောင်း အသိအမှတ်ပြုလက်မှတ် အထောက်အထားမိတ္တူများ
(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လျှောက်လွှာမတင်မီ ရက်သတ္တနှစ်ပတ်အတွင်း ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့ ထောက်ခံချက်မူရင်းနှင့် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ ထောက်ခံချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်ကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။

၃။ စာရွက်စာတမ်းမပြည့်စုံသော လျှောက်လွှာများနှင့် သတ်မှတ်ရက်ကျော်လွန်သော လျှောက်လွှာများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

၄။ လျှောက်လွှာတင်ပြခြင်းနှင့် ဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းများကို (၁၃.၁၀.၂၀၂၅)ရက် (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း မြန်မာ့မီးရထား(ရုံးချုပ်)နေပြည်တော်၊ စီမံကိန်းနှင့်အုပ်ချုပ်ရေးဌာနတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ အလုပ်သမားမှတ်ပုံတင် (မူရင်းများ)နှင့်အတူ လာရောက်၍ ဆက်သွယ်ကြရန် ဖြစ်ပါသည်။

၅။ ရေးဖြေစာမေးပွဲ၊ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းတို့အား မြန်မာ့မီးရထား(ရုံးချုပ်)တည်ရှိရာ နေပြည်တော် ဘူတာကြီး၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်–

(က)၁၄.၁၀.၂၀၂၅ ရက်၊ နံနက် (၁၀:၀၀)နာရီမှ (၁၂:၀၀)နာရီအထိ ရေးဖြေစာမေးပွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ မေးခွန်းလွှာ)အား ဖြေဆိုခြင်း။
(ခ) ၁၄.၁၀.၂၀၂၅ ရက်၊ နေ့လည်ပိုင်းတွင် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်း၊

၆။ ရေးဖြေ/လူတွေ့စစ်ဆေးမှုများ ပြုလုပ်ပြီးပါက ရွေးချယ်ခံရသူများအား ဌာနက တိုက်ရိုက် ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာ့မီးရထား (ရုံးချုပ်)နေပြည်တော်၊ တယ်လီဖုန်းနံပါတ် ၀၆၇–၇၇၀၃၂/၀၆၇–၇၇၁၂၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/ အကွက်အမှတ်နှင့်အမည် ၆/ဈေးမြောက်ရပ်၊ ဦးပိုင်အမှတ်(၁၉၂)၊ မြေဧရိယာ (၀ဒသမ၀၆၉)ကေအား မြေငှားဂရန် အမည်ပြောင်း/သက်တမ်းတိုး လျှောက်ထားနိုင်ရေး ဒေါ်ခင်ဌေး ၉/မမန(နိုင်)၀၁၆၄၈၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားများ ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အလက–ပုလင်းပြားကြီးကျောင်းတွင် လက်ထောက်မူလတန်းပြ တာဝန်ထမ်းဆောင်နေသော ဦးတင်အောင်လွင် ၈/မသန(နိုင်)၀၉၆၈၄၆၏ ဖခင်အမည်မှန်မှာ ဦးဖိုးထောင်နှင့် ဦးမောင်ပု ဟူ၍ အမည်နှစ်မျိုးကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့၊ အမှတ်(၂၀)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်–(၁၅–က/စက်ရှင်ရုံး)၊ ဦးပိုင်အမှတ်(၁၅–ခ)၊ ဧရိယာ(၀.၀၆၉)ကေအား ဦးတင်အောင်ကျော်မှ သက်တမ်းတွင်း/အမည်ပြောင်း/ဦးပိုင်ခွဲမြေငှားဂရန် လာရောက်လျှောက်ထားလာပါသောကြောင့် ကန့်ကွက်လိုသူများအနေဖြင့် ခိုင်မာသည့် အထောက် အထားများတင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ငွေလေးကျေးရွာ အထက (ခွဲ) Grade–12တွင် ပညာသင်ကြားနေသော မောင်မြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးပု ၈/မသန(နိုင်)၀၀၈၂၃ဖြစ်ပါကြောင်း။ **ဦးပု**

## အလိမ္မာ စာမှာရှိ

## ဖခင်အမည်မှန်

မြစ်သားမြို့၊ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း Grade–12တွင် ပညာသင်ကြားခဲ့သော မောင်စောထွန်းအောင်၏ ဖခင် ဦးစိုး၏ အမည်မှန်မှာ ဦးမောင်စိုး ၉/နထက(နိုင်) ၁၂၁၈၀၀ ဖြစ်ပါကြောင်း။

**ဦးမောင်စိုး**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့၊ အလက (ခွဲ) (စည်ပင်) ကျောင်း Grade–8 မှ(ဘ)ဦးမင်းနိုင်ဆွေ ၈/မမန(နိုင်) ၁၆၇၈၅၆၏သား အမည်မှန်မှာ မောင်သျှန်သိခ်ဖြစ်ကြောင်း။

**မောင်သျှန်သိခ်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ လက်ယက်စမ်းကျေးရွာ၊ ကွင်းအမှတ်(၆၅၂–အေ)၊ အလယ်ရွာတောင်ကွင်း၊ ဦးပိုင်အမှတ်(၁/ဈ)၊ ဧရိယာ(၀.၂၀)ကေအကျယ်ရှိ မြေမှာ ဦးမြင့်ဦးအမည်ဖြင့် ၃၀(ခ)ရရှိထားသည့် မြေကွက်အနက်မှ ဧရိယာ(၀.၀၅၅)ကေအကျယ်ရှိ မြေကွက်အမှတ် (၈၇)ဟု ခေါ်တွင်သော မြေကွက်နှင့် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဖခင်ဖြစ်သူ ဦးမြင့်ဦးမှာ (၁–၆–၂၀၁၃)ရက်တွင် ကွယ်လွန်ပြီး နောက်ပိုင်းဇနီးဖြစ်သူ ဒေါ်အမာရီ(ခ)ဒေါ်မြင့်မြင့်ကြည်မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အမှတ်(၂၉/၂၀၁၆)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ မိခင်ဖြစ်သူ ဒေါ်အမာရီ(ခ)ဒေါ်မြင့်မြင့်ကြည်မှ (၁၆–၂–၂၀၂၄)ရက်တွင် ထပ်မံကွယ်လွန်သွားသဖြင့် ဦးမြင့်ဦးနှင့် ဒေါ်အမာရီ (ခ) ဒေါ်မြင့်မြင့်ကြည်တို့မှ သားသမီးအရင်းအချာများအဖြစ် ဒေါ်မေမြတ်မွန်ဦး ၁၂/သလန(နိုင်)၀၇၉၆၃၃၊ ဒေါ်ဇင်ဇင်မြင့် ၁၂/သလန(နိုင်)၀၉၆၇၈၇၊ ဦးအောင်သူ ၁၂/သလန(နိုင်)၁၀၅၆၉၃ တို့ (၃)ဦးမှ အမွေဆက်ခံသူများအဖြစ် ကျန်ရှိခဲ့ပါသည်။ မိမိတို့ (၃)ဦးမှလွဲ၍ အခြားမည်သည့် အမွေစားအမွေခံ ကိတ္တိမသားသမီးများအဖြစ် ကျန်ရှိခဲ့ခြင်းမရှိပါ။ အဆိုပါမြေများနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း၊ အထောက်အထား အပြည့်အစုံဖြင့် မည်သူမဆို ကျွန်ုပ်ထံသို့ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့် အညီ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သဲဆုဇာခြည်သိမ့်**
**LL.B,D.B.L,D.I.L,101(WIPO,GENEVA)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၀၄၆/၂၉–၁၂–၂၀၁၇)**
**အမှတ်(၃၇)၊ T.T.U ရှေ့၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉– ၄၄၅၉၇၉၁၂၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊မြို့သစ်(၄)ရပ်ကွက်၊ ၆၄လမ်း၊ ၁၁၀လမ်းနှင့် ၁၁၁ လမ်းကြားတွင်နေထိုင်သည့် ဒေါ်စန်းစန်းဝါ(ဘ) ဦးလောက်စီး ၉/ခမစ(နိုင်) ၀၅၈၇၇၄ ပိုင်ဆိုင်သော "Chi Myanmar Traditional Dress & Slipper , Mandalay" "Chi ရှမ်းရိုးရာ ဝတ်စုံ၊ Accessory လက်လီလက်ကား" Online Shop ဆိုင်မှ ရှမ်းရိုးရာဝတ်စုံများ ဝတ်၍ ကြော်ငြာပြသထားသော ဒေါ်စန်းစန်းဝါ၏ အလှဓာတ်ပုံများနှင့် ဗီဒီယိုများအား ယူသုံး၍ Page အတုများဖြင့် တရားမဝင်သော Online Game များကြေညာခြင်း၊ Facebook , Tiktokများ ပေါ်တွင် အကောင့်တုများဖန်တီး၍ လိမ်လည်လှည့်ဖြားခြင်းနှင့်မိမိမဟုတ်သော အခြားသူများမှ ငွေကြေးလိမ်လည်မှုများ၊ မသမာမှုများဖြစ်ပေါ်လာပါက ဒေါ်စန်းစန်းဝါနှင့် မည်သို့မျှ မသက်ဆိုင်ပါကြောင်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ၎င်းအပြင် စီးပွားရေးကူးသန်းရောင်းဝယ်ယူရေးဝန်ကြီးဌာန၏ ကုန်သွယ်ရေးဦးစီးဌာနတွင် အွန်လိုင်းလိုင်စင် တရားဝင်ရရှိခဲ့ပြီးသူ ကျွန်ုပ်မိတ်ဆွေ ဒေါ်စန်းစန်းဝါ၏ အလှဓာတ်ပုံများကိုယူသုံး၍ Social Media Platform ပေါ်တွင် အတုပြုလုပ်၍ ဈေးရောင်းချခြင်း၊ ထင်ယောင်ထင်မှားဖြစ်အောင်ပြုမူဆောင်ရွက်ခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းသိမ်ငယ်အောင်ပြုလုပ်ခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မီမီသိန်း(စဉ်–၁၀၇၆၀)**
**LL.B,DL–101.P(Law)WIPO),(Geneva)**
**တရားလွှတ်တော်ရှေ့နေ**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း–၀၉–၂၅၆၀၂၃၀၉၈၊ ၀၉–၇၈၉၈၅၄၀၉၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ဘော်နင်းကျေးရွာအုပ်စု၊ အင်းမှီကျေးရွာနေ ဦးညွှန့်မောင် ၁၃/ကလန(နိုင်) ၀၄၃၀၅၁၊ ဒေါ်စန်းခင် ၁၃/ကလန(နိုင်) ၀၅၁၂၀၈၊ ဒေါ်မာလာဝင်း ၁၃/ကလန(နိုင်) ၀၄၃၀၄၇တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ စကားအင်းကျေးရွာအုပ်စုတွင် ကွင်းအမှတ်(၂၂/နဂါးပတ်တောင်ကွင်း)၊ ဦးပိုင်အမှတ်(၁၁၀)၊ မြေကွက်အမှတ်(၃၂၁)၊ ဧရိယာ(၁ဒသမ၂၇)ကေရှိ လယ်ယာမြေနှင့် ကွင်းအမှတ်(၂၁/နဂါးပတ်တောင်ကွင်း)၊ ဦးပိုင်အမှတ်(၁၆၄)၊ မြေကွက်အမှတ်(၅၂၁၊ ၅၂၂၊ ၅၂၃)၊ ဧရိယာ(၂ဒသမ၉၆) ကေရှိလယ်ယာမြေ၊ ကလောမြို့နယ်၊ ဝါးရုံပင်ကျေးရွာအုပ်စုတွင် ကွင်းအမှတ် (၆–ခ/ဟဲဟိုးချိုင့်ဝှမ်း)၊ ဦးပိုင်အမှတ်(၉၆)၊ မြေကွက်အမှတ်(၁၈၀/ ၁၈၂)၊ ဧရိယာ (၁ဒသမ၆၇)ကေရှိ လယ်ယာမြေကွက်၊ အင်းမှီကျေးရွာ(ဦးကျော်အောင်နေအိမ် ဘေးကပ်လျက်)အလျား ၄၀ပေ x အနံ ၈၀ပေရှိ(ရွာမြေ)များရှိရာ အဆိုပါမြေကွက်များသည် ခွဲဝေခြင်းမပြုရသေးသည့် အမွေဆိုင်မြေများအဖြစ် ကျန်ရစ်ခဲ့ပါသည်။

ဦးမောင်စိန်(ကွယ်လွန်)+ဒေါ်တုတ်(ကွယ်လွန်)တို့တွင် ဦးသိန်းဖေ၊ ဦးညွှန့်မောင်၊ ဒေါ်စန်းခင်၊ ဒေါ်မာလာဝင်းဟူသည့် သား/သမီး (၄)ဦးမွေးဖွားခဲ့ပါသည်။ အမွေရှင်များကျန်ရစ်ခဲ့သည့် အထက်ဖော်ပြပါမြေကွက်များကို ဦးမောင်စိုးမှ အမွေရှင် များနှင့်အမွေဆိုင်သား/သမီး(၄)ဦးတို့အား အသိပေးခြင်းမရှိဘဲ ၎င်းအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များပြောင်းလဲပြုလုပ်ထားကြောင်း ကြားသိရပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမွေဆိုင်မြေကွက်များနှင့် ပတ်သက်၍ လွှဲပြောင်း ခြင်း၊ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အငှားချထားခြင်း စသည်တို့ကို ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်လင်းဝတ်ရည်ကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၆၀၀)**
**အမှတ်(၁၁)ရပ်ကွက်၊ ကလောမြို့၊**
**ဖုန်း–၀၉–၂၆၀၃၅၇၆၇၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၁နှင့် ၅)
## ဥတ္တရခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် နှင့် ၁။ ဦးအောင်ဟိန်း
(တပ်ကုန်းဘဏ်ခွဲ)(၎င်းကိုယ်စား ၂။ ဒေါ်နှင်းရည်သန့်
လက်ထောက်မန်နေဂျာ ဒေါ်ချိုချိုမြင့်)

**တရားလို** **တရားပြိုင်များ**

